မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ကဆုန်လဆန်း ၁၁ ရက်၊ ၂၀၀၈ခုနှစ်၊ မေ ၁၅ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၇)၊ အမှတ် (၂၂၃)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ စမတ်(ခ်)စွန်ထော်ရဝဲ့က

လေဘေးအတွက် အလှူငွေနှင့် ဂြိုဟ်တုလက်ကိုင်ဖုန်းများ ပေးအပ်လှူဒါန်း

နေပြည်တော် မေ ၁၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ရန်ကုန်မြို့သို့ရောက်ရှိလာသည့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ စမတ်(ခ်)စွန်ထော်ရဝဲ့နှင့် အဖွဲ့ဝင်များအား ယနေ့မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ လှိုက်လှဲခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

တွေ့ဆုံ

ထို့နောက် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့သည် ဆီဒိုးနားဟိုတယ် မင်းတုန်းခန်းမ၌ ရင်းနှီးခင်မင်စွာ တွေ့ဆုံကြသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊

စာမျက်နှာ ၈ ကော်လံ ၁ ■

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ စမတ်(ခ်)စွန်ထော်ရဝဲ့က မြန်မာနိုင်ငံလေဘေးအတွက် ထိုင်းနိုင်ငံအစိုးရနှင့် ပြည်သူများက လှူဒါန်းသည့် အမေရိကန်ဒေါ်လာငါးသိန်း၊ ဂြိုဟ်တုလက်ကိုင်ဖုန်း (Satellite Phone) အလုံး ၅၀ နှင့် ဘတ်ငွေနှစ်သန်းတန်ဖိုးရှိ ဖုန်းပြောခွင့်ကတ်များ၊ ထိုင်းနိုင်ငံရှိ ဗုဒ္ဓအဖွဲ့အစည်းတစ်ခုက လှူဒါန်းသည့် အမေရိကန်ဒေါ်လာ ၉၂၇၂၈ ဒေါ်လာများကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ စမတ်(ခ်)စွန်ထော်ရဝဲ့တို့ ဒဂုံမြို့သစ်(တောင်ပိုင်း) ၁၇ ရပ်ကွက်၌ ဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်းတွင် ကြည့်ရှုစစ်ဆေးကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၈ ခုနှစ် မေ ၁၅ ရက်)

အမိုးအကာအောက် စိတ်ချမ်းမြေ့စွာနေထိုင်နိုင်ရေး မိသားစုဝင်သဖွယ် ဝိုင်းဝန်းကူညီဆောင်ရွက်ပေး

မျက်မှောက်အချိန်အခါတွင် ကမ္ဘာနှင့်အဝန်း ရာသီဥတုဖောက်ပြန်မှုများကြောင့် ယခင်သဘာဝဘေးအန္တရာယ်ကျရောက်ရန် မမျှော်မှန်းခဲ့သည့် နေရာဒေသများ ယခုအခါ ဖြစ်ပေါ်လာလျက်ရှိသည်။ အဆိုပါ ရာသီဥတုပြောင်းလဲမှုသည် ကမ္ဘာ့လူသားများ၏ ကျန်းမာရေးနှင့် ဘဝလုံခြုံရေးကို ခြိမ်းခြောက်လျက်ရှိသည့်အပြင် သဘာဝပတ်ဝန်းကျင်ကိုလည်း ပြောင်းလဲမှုဖြစ်စေခဲ့သည်။

လွန်ခဲ့သည့်ရက်ပိုင်းအတွင်း ရန်ကုန်တိုင်းနှင့်ဧရာဝတီတိုင်းရှိ မြို့နယ်အချို့ မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများရှိခဲ့သဖြင့် နိုင်ငံတော်က ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရင်း နောင်သဘာဝဘေးအန္တရာယ်ကျရောက်လာပါက ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို တစ်ပြိုင်တည်း စီမံဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရက ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းပြီး ပြည်တွင်းပြည်ပ ထောက်ပံ့ကူညီမှုဖြင့် မုန်တိုင်းဒဏ်သင့်ဒေသများ၌ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဆင့်သုံးဆင့်ခွဲ၍ ပံ့ပိုးကူညီလျက်ရှိသည်။ ပထမအဆင့်အနေဖြင့် ရှာဖွေကယ်ဆယ်ရေး၊ ယာယီနေရာချထားရေး၊ စားဝတ်နေမှုပံ့ပိုးရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ဦးစားပေးဆောင်ရွက်ခဲ့ရာ အထိုက်အလျောက် နိုင်နင်းစွာဖြည့်ဆည်းပေးနိုင်နေပြီဖြစ်သည်။

ဒုတိယအဆင့်အနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အတည်တကျ ပြန်လည်နေရာချထားရေး၊ နေအိမ်များ ပြုပြင်ရေး၊ လိုအပ်သောနေရာများတွင် နေအိမ်သစ်များ ဆောက်လုပ်ပေးနိုင်ရေးလုပ်ငန်းများကို ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များ၊ ပြည်သူများက အင်တိုက်အားတိုက် ဆက်လက်ပါဝင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မုန်တိုင်းဒဏ်သင့်ဒေသများနှင့် ပြည်သူများ၏ စီးပွားရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ပြန်လည်လုပ်ကိုင်စားသောက်နိုင်ရေးကို တတိယအဆင့်ထားရှိပြီး အဘက်ဘက်က ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အစွမ်းကုန် ပံ့ပိုးကူညီကြရမည်ဖြစ်သည်။ အဆိုပါ ဒေသများသည် စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြု လုပ်ကိုင်လျက်ရှိရာ လယ်ယာမြေများ၌ ရေငန်ဝင်ရောက်မှုရှိ၍ မြေယာပြုပြင်မှုများကို အလေးထားဆောင်ရွက်သွားကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ မုန်တိုင်းဒဏ်သင့်ပြည်သူများ အမိုးအကာအောက်တွင် မိသားစုစိတ်ချမ်းမြေ့စွာ ပြန်လည်နေထိုင်ပြီး စားဝတ်နေရေးလုပ်ငန်းများ လုပ်ကိုင်လာနိုင်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက မိသားစုဝင်များသဖွယ် စာနာစိတ်အပြည့်ထားကာ ဝိုင်းဝန်းပံ့ပိုးကူညီဆောင်ရွက်ခြင်းဖြင့် လူမှုဒုက္ခဘေးမှ လွန်မြောက်လာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မဟာသွံ့သာရရုပ်ရှင်တော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

ရန်ကုန် မေ ၁၄

နှစ်စဉ်ကျင်းပမြဲဖြစ်သော အင်းစိန် တောင်သူကုန်းရပ်ကွက် ဘိုကုန်း ဇေယျာသိဒ္ဓိမဟာသွံ့သာရဘုရားကျောင်း၌ သီတင်းသုံးနေသည့် မဟာသွံ့သာရရုပ်ရှင်တော်မြတ်ကြီး၏ ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲနှင့် ဗုဒ္ဓပူဇနိယပွဲတော်ကို မဟာသွံ့သာရဆရာတော် ပထမကျော် ဓမ္မာစရိယ ဘီအက်စ်စီ မဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုမာရ အရှင်သူမြတ်က ကြီးမှူး၍ မေ၁၈ရက် (ကဆုန်လပြည့်) နံနက်၉နာရီတွင် စတင်ကျင်းပ၍ ပင့်သံဃာတော် ၈၁ပါးကို လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းမည် ဖြစ်သည်။

ဆုတောင်းအဓိဋ္ဌာန်ဝင်နိုင်

မည်သူမဆို ရုပ်ရှင်တော်မြတ်ကြီးအား သစ်သီးများဆက်ကပ်၍ ပုတီးစိပ်၊ ဆုတောင်းအဓိဋ္ဌာန်ဝင်လိုသူများ မေ၁၇ရက် ညနေပိုင်းမှစ၍ လာရောက်နိုင်ကြောင်းနှင့် အလှူရှင်များ အချိန်မီကြွရောက်ကြရန် ဝေယျာဝစ္စအဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။ (၁၁၃)

မြဝတီရုပ်မြင်သံကြား

၁၅-၅-၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၂၀	၃။	အမျိုးသားရေးတေးကဗျာ
၄း၃၀	၄။	မြန်မာသံစဉ်ချိုနားဝင်
၄း၄၅	၅။	**မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၄း၅၀	၆။	အမျိုးသားရေးတေးကဗျာ
၅း၂၀	၇။	ရွှင်ကြည်ပြုံးစရာတေးကဗျာ
၅း၃၀	၈။	မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၅	၉။	သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၃။	ကာတွန်းအစီအစဉ် **ငါးကလေးရဲ့စွန့်စားခန်း** (အပိုင်း-၄၇)
၆း၄၅	၁၄။	လျှပ်တစ်ပြက်
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်သောဤကမ္ဘာ**(အပိုင်း-၁၄)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	ကုန်သွယ်သုတ
	၂၀။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
	၂၁။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဆန့်ကျင်ဘက်နှလုံးသား** (အပိုင်း-၈)

လားရှိုးမြို့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပမှု သံတမန်အဖွဲ့ဝင်များ ကြည့်ရှုလေ့လာ

ရန်ကုန် မေ ၁၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပမှုကို ကြည့်ရှုလေ့လာရန် ထိုင်းနိုင်ငံသံရုံးမှ Mr. Kriengfaik Suepsaihan နှင့် အင်ဒိုနီးရှားနိုင်ငံသံရုံးမှ ဒုတိယအတွင်းဝန် Mr. G-T Situnorang နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဦးသက်ဝင်းတူတို့သည် လေကြောင်းခရီးဖြင့် မေ၉ရက် နံနက်ပိုင်းက လားရှိုးမြို့သို့ ရောက်ရှိလာသည်။

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ဝင် ဦးတီခွန်မြတ်၊ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမောင်မောင်အောင်၊ ခရိုင်/ မြို့နယ်ကော်မရှင်အဖွဲ့ဝင်နှင့်အတူ မေ၁၀ရက် နံနက်ပိုင်းက အမှတ်(၁) ရပ်ကွက် မဲရုံ၊ အမှတ်(၂)ရပ်ကွက် မဲရုံ၊ မယ်ဟန်ကျေးရွာအုပ်စု မဲရုံနှင့် အမှတ်(၁၂) ရပ်ကွက် မဲရုံတို့သို့ လှည့်လည်ကြည့်ရှုလေ့လာကြသည်။

လေ့လာ

ထို့နောက် ဟိုပိတ်ကျေးရွာမဲရုံသို့ မွန်းလွဲ ၂နာရီ မိနစ်၅၀တွင် ရောက်ရှိပြီး မဲရေတွက်မှုနှင့် မဲရုံပိတ်သိမ်းမှု အစီအစဉ်များကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖွံ့ဖြိုးရေးတက္ကသိုလ် သင်တန်းများ ဇွန် ၉ရက်တွင် စတင်ဖွင့်လှစ်မည်

နေပြည်တော် မေ ၁၄

၂၀၀၈-၂၀၀၉ခု ပညာသင်နှစ်အတွက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၌ နှစ်စဉ်ပုံမှန်သင်တန်းများဖြစ်သော မဟာပညာရေးဘွဲ့ နှစ်နှစ်သင်တန်း၊ ပညာရေးဘွဲ့(ဘီအီးဒီ) လေးနှစ်သင်တန်းများ၊ အလယ်တန်းဆရာအတတ်သင် တစ်နှစ်သင်တန်း၊ ပညာရေးဘွဲ့(ဘီအီးဒီ) တစ်နှစ်သင်တန်း၊ ပညာရေးဘွဲ့(ဘီအီးဒီ) ပေါင်းကူးနှစ်နှစ်သင်တန်းနှင့် ဆရာအတတ်ပညာ ဒီပလိုမာတစ်နှစ်သင်တန်းတို့ကို ဇွန် ၉ရက် (တနင်္လာနေ့) တွင် စတင်ဖွင့်လှစ်မည်ဖြစ်သည်။

ရောက်ရှိသတင်းပို့

သင်တန်းအသီးသီးသို့ တက်ရောက်ကြမည့် သင်တန်းသားသင်တန်းသူများသည် ဖွံ့ဖြိုးရေးတက္ကသိုလ်သို့ ဇွန်လပထမပတ်အတွင်း ရောက်ရှိသတင်းပို့ကြရန် ပြည်နယ်နှင့်တိုင်း အသီးသီးသို့ နှိုးဆော်အကြောင်းကြားပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မော်လမြိုင်မြို့ ကျိုက်သလွံစေတီတော်မြတ်ကြီး ပြုပြင်ရန်အတွက် ငွေလှူဒါန်း

ရန်ကုန် မေ ၁၄

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ သမိုင်းဝင်ဆံတော်ရှင် ကျိုက်သလွံစေတီတော်မြတ်ကြီး ပြုပြင်တည်ဆောက်မှုလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်ရေးအတွက် အလှူငွေပေးအပ်ပွဲကို မေ၁၀ရက်က အဆိုပါ စေတီတော်မြတ်ကြီး၌ ကျင်းပရာ ရန်ကုန်မြို့နေ ဦးကိုကိုဦး-ဒေါ်သန်းအေး (ချမ်းမြေ့ကြွယ် ရန်ကုန်-ကျိုက္ခမီ ခရီးသည်ပို့ဆောင်ရေး) မိသားစုနှင့် ရန်ကုန်မြို့ အရှေ့ရန်ကင်းနေ သားသမီးမိသားစုက ငွေကျပ် ငါးသိန်းစီနှင့် မော်လမြိုင် မြို့နယ် မြိုင်သာယာရပ်ကွက်နေ ဒေါ်သန်းကြည် မိသားစုက ငွေကျပ်ငါးသိန်း တစ်သောင်းနှစ်ထောင်တို့ကို ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ချမ်းသာလမ်းနေ ဒေါက်တာ သိန်းဇော်-ဒေါက်တာ အေးအေးရှိန်း၊ သားမောင်မျိုးသက်ထွန်း၊မောင်အောင်မျိုးမင်းမိသားစုက ငွေပဒေသာပင်နှင့် ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်ငါးသိန်းငါးသောင်း

ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ စောင့်ရှောက်ရေးအဖွဲ့ နာယက ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)



ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ဆိပ်ကြီးခနောင်တိုမြို့နယ်၌ လေဘေးသင့်အိမ်ထောင်စုများ၏ နေထိုင်စားသောက်မှု၊ သောက်သုံးရေနှင့် ကယ်ဆယ်ရေး ပစ္စည်းများရရှိမှုတို့ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဒလနှင့် ဆိပ်ကြီးခနောင်တိုမြို့နယ်တို့မှလေဘေးကယ်ဆယ်ရေးစခန်းများသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ သွားရောက်ကြည့်ရှုအားပေး စားသောက်ဖွယ်ရာများနှင့်ထောက်ပံ့ရေးပစ္စည်းများကိုပေးအပ်

ရန်ကုန် မေ ၁၄

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့မွန်းလွဲ၁၂နာရီခွဲတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံများ)ဖြစ်ကြသည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန်ဗိုလ်မှူးကြီးမောင်ပါ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များနှင့်အတူ ရန်ကုန်မြို့ နန်းသီတာဆိပ်ကမ်းမှ ဗလရာဇာရေယာဉ်ဖြင့်ထွက်ခွာလာကြပြီး ဒလမြို့နယ်ရှိ သီရိဇေယျအနော်ရထာခန်းမ၌ လေဘေးသင့်ပြည်သူများအား တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် ထိုင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံစစ်သံရုံး (ကြည်း၊ရေ၊လေ)မှ မိသားစုများက ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့မှတစ်ဆင့် ပေးပို့လှူဒါန်းသော ခေါက်ဆွဲခြောက်၊ ခေါက်ဆွဲ၊ ရေသန့်နှင့် အင်္ကျီများအပါအဝင် ထောက်ပံ့ရေးပစ္စည်းများကို လေဘေးသင့်ပြည်သူများထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ) မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့က လေဘေးသင့်ပြည်သူများထံ ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက်အလှူရှင်များဖြစ်ကြသော စေတနာ စုပေါင်း လှူဒါန်းရေးအဖွဲ့က လေဘေးသင့်ပြည်သူများအတွက် ဆန်အိတ် ၅၀၀၊ ဦးစိုးလှိုင်(စွမ်းအားအင်ဂျင်နီယာလုပ်ငန်း)က ငွေကျပ်၁၀သိန်းနှင့် ဒေါက်တာနိုင်ဝင်း(ကျော်ဇေယျကုမ္ပဏီ)က ငွေကျပ် ငါးသိန်းတို့ကို မြို့နယ်၏ပညာရေး၊ ကျန်းမာရေး အပါအဝင် လေဘေးသင့် ပြည်သူများအတွက် ပေးအပ်လှူဒါန်းကြသည်။

ရှင်းလင်းပြောကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် လေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကာ နိုင်ငံတော်နှင့် စေတနာရှင်အလှူရှင်များက ထောက်ပံ့ရေးပစ္စည်းများကို အချိန်နှင့် တစ်ပြေးညီ ဆက်လက်ပေးပို့ ထောက်ပံ့သွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ဒလမြို့နယ်အတွင်းရှိ လေဘေးသင့် ပြည်သူများအား တိုင်း၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီများ၊ နိုင်ငံသားကုမ္ပဏီများ၊ စေတနာရှင် အလှူရှင်များက ဆန်၊ ဆီ၊ ပဲ၊ ငါးခြောက်၊ ဘဲဥ၊ မုန့်မျိုးစုံ၊ အချိုရည်၊ ဆေးဝါးများ၊ ကျားဝတ်အင်္ကျီ၊ လုံချည်၊ မဝတ်အင်္ကျီ၊ လုံချည်၊ ပန်းကန်ခွက်ယောက်များ၊ သင်္ကန်းများနှင့် မိုးကာအင်္ကျီများ အပါအဝင် ထောက်ပံ့ရေးပစ္စည်းများကို အလျင်အမြန် ပေးပို့လှူဒါန်းခဲ့ကြသည်။

အမှာစကားပြောကြား

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ဆိပ်ကြီး ခနောင်တိုမြို့နယ်သို့ ရောက်ရှိကြပြီး ခနောင်တိုအရှေ့ရပ်ကွက် ဓမ္မပီတိကျောင်းတိုက်၌ လေဘေးသင့်ပြည်သူများအား တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် ထိုင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ စစ်သံရုံး(ကြည်း၊ ရေ၊ လေ)မှ မိသားစုများက ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှတစ်ဆင့် ပေးပို့လှူဒါန်းသော ခေါက်ဆွဲခြောက်၊ ခေါက်ဆွဲ၊ ရေသန့်၊ အင်္ကျီနှင့် မုန့်ပုံးအပါအဝင် ထောက်ပံ့ရေးပစ္စည်းများကို လေဘေးသင့်ပြည်သူများထံ ပေးအပ်လှူဒါန်းသည်။

ထောက်ပံ့ပေးအပ်

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ) မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့က လေဘေးသင့် ပြည်သူများထံ ထောက်ပံ့ရေးပစ္စည်းများကို ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် စေတနာစုပေါင်းလှူဒါန်းရေးအဖွဲ့က လေဘေးသင့် ပြည်သူများအတွက် ဆန်အိတ် ၅၀၀၊ ဦးစိုးလှိုင် (စွမ်းအား အင်ဂျင်နီယာလုပ်ငန်း) က ငွေကျပ် ၁၀သိန်းနှင့် ဒေါက်တာနိုင်ဝင်း (ကျော်ဇေယျကုမ္ပဏီ)က ငွေကျပ် ငါးသိန်းတို့ကို မြို့နယ်၏ ပညာရေး ကျန်းမာရေး အပါအဝင် လေဘေးသင့် ပြည်သူများအတွက် ပေးအပ်လှူဒါန်းကြသည်။

မျက်ခြည်မပြတ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် လေဘေးသင့် ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက် အားပေးစကား ပြောကြားကာ ပြည်ပနိုင်ငံများမှ လှူဒါန်းထားသော ရွက်ဖျင်တဲများတွင် လေဘေးသင့် အိမ်ထောင်စုများ၏ နေထိုင်စားသောက်မှု၊ ကျန်းမာရေးစောင့်ရှောက် မှု၊ သောက်သုံးရေနှင့် ကယ်ဆယ်ရေးပစ္စည်းများ ရရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လေဘေးသင့်ပြည်သူများ၏ စားဝတ်နေရေး၊ ကျန်းမာရေး ကိစ္စအဝဝကို တာဝန်ရှိသူများက မျက်ခြည်မပြတ် အချိန်နှင့် တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးရေးတို့နှင့် စပ်လျဉ်း၍ လိုအပ်ချက်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များသည် ဆိပ်ကြီး အနောက်ရပ်ကွက် ၊ မိုးကောင်းစေတီတော်ရှိ လေဘေးသင့် ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံ အားပေးကြကာ ထောက်ပံ့ရေး ပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။

လှူဒါန်း

ဆိပ်ကြီး ခနောင်တိုမြို့နယ် အတွင်းရှိ လေဘေးသင့် ပြည်သူများအား တိုင်း/ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၊ နိုင်ငံသားကုမ္ပဏီများ၊ စေတနာရှင်၊ အလှူရှင်များက ဆန်၊ ဆီ၊ မိုးကာစ၊ မုန့်မျိုးစုံ၊ အင်္ကျီ၊ လုံချည်၊ ကြက်ဥ၊ ခေါက်ဆွဲ၊ ပုစွန်ခြောက်၊ အာပြဲခြောက်၊ နို့မှုန့်နှင့် ပန်းကန်ခွက်များ အပါအဝင် ထောက်ပံ့ရေးပစ္စည်းများကို လှူဒါန်းခဲ့ကြသည်။

တက်ရောက်ကြည်ညို

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၉)ရပ်ကွက်ရှိ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက် မဟာမင်္ဂလာအလယ်တိုက်ကြီး၌ကျင်းပသော တိပိဋကရေမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓမ္မပါဠိပါရဂူ၊ ပရိယတ္တိသာသနာ လင်္ကာရကျော်ဘဒ္ဒန္တ သုမင်္ဂလာလင်္ကာရ (Ph.D)၏ နှစ်ပတ်လည်ပူဇော်ပွဲ၊ ဇောတိပူဇာမင်္ဂလာဗိမာန်တော်ဖွင့်ပွဲနှင့် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဂုဏ်ပြုပူဇော်ပွဲနှင့် တိပိဋကရေစာမေးပွဲအောင် အရှင်သူမြတ်များအား ဂုဏ်ပြုပူဇော်ပွဲအခမ်းအနားသို့ တက်ရောက်ကြည်ညိုသည်။

(သတင်းစဉ်)

ဘိုကလေးမြို့နယ်လေဘေးကယ်ဆယ်ရေးလုပ်ငန်းများ ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁၄

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်သည် မေ ၁၁ ရက်နှင့် ၁၂ရက်တို့တွင် ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် ပြည်သူ့ဆေးရုံကို ထူးကုမ္ပဏီက နေ့ညပြင်ဆင်နေမှုတို့ကို လည်းကောင်း၊ တပ်မတော်သားများနှင့် ကြက်ခြေနီအသင်းဝင်များက ရိက္ခာလိုအပ်သော ဒေသများသို့ ရိက္ခာတင်ပို့ရေး ဆောင်ရွက်နေမှုနှင့် သစ်တောဝန်ထမ်းများက မြို့သန့်ရှင်းရေး ဆောင်ရွက်နေမှုတို့ကိုလည်းကောင်း ကြည့်ရှု စစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် တင်ဝင်းထွန်း ကုမ္ပဏီဥက္ကဋ္ဌ ဦးတင်ဝင်းက လေဘေးသင့်ပြည်သူများအတွက် ငွေကျပ်သိန်း ၅၀၀ တန်ဖိုးရှိဆေးဝါး၊ အဝတ်အထည်၊ ရိက္ခာပစ္စည်းများနှင့် အလှူငွေကျပ်သိန်း ၁၀၀၊ အေးရှားဝေါကုမ္ပဏီမှ ဦးသက်နိုင်က ဆေးဝါးပစ္စည်းများနှင့် အလှူငွေကျပ် သိန်း ၁၀၀ တို့ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်ပြီး လေဘေးသင့်ကျေးရွာများသို့ လှေနှင့် မော်တော်များဖြင့် ရိက္ခာတင်ပို့ပေးနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးနှင့် အမှတ် (၆၆)ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ်မောင်မောင်အေးတို့သည် ရဟတ်ယာဉ်ဖြင့် ရိက္ခာ၊ ရေနှင့် ရွက်ဖျင်တဲများကို တင်ဆောင်၍ စက်ဆန်းကျေးရွာအတွက်နှင့် ထော်ပိုင်ကျေးရွာအတွက် ပို့ပေးကြသည်။

ဆက်လက်ပေးပို့

ထို့နောက် ဝန်ကြီးနှင့်တပ်မမှူးတို့သည် အမေရိကန်နိုင်ငံမှ ပေးပို့လှူဒါန်းထားသော ကယ်ဆယ်ရေးပစ္စည်းများ၊ ရေသန့်ဘူးများနှင့် စောင်များ ရဟတ်ယာဉ်ဖြင့် ရောက်ရှိလာမှုကို ကြည့်ရှုစစ်ဆေးကြပြီး လေဘေးသင့်ကျေးရွာများအရောက် ရဟတ်ယာဉ်ဖြင့် ဆက်လက်ပေးပို့ကြသည်။

ယင်းနောက် ဝန်ကြီးသည် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းကို ထူးကုမ္ပဏီက ကျောင်းဆောင်များပြင်ဆင်နေမှု၊ လျှပ်စစ်မီးသွယ်တန်းထားရှိမှုနှင့် ရွက်ဖျင်တဲများ တည်ဆောက်ပေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လေဘေးသင့် ပြည်သူများအား အားပေးစကားပြောကြား၍ ညစာထမင်းကျွေးနေမှုကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြစ်ဝကျွန်းပေါ်ဒေသများတွင် လေထုမငြိမ်သက်မှုများဆက်လက်ဖြစ်ပေါ်နေမည်

နေပြည်တော် မေ ၁၄

(၂၀၀၈ ခုနှစ် မေ ၁၄ရက် မွန်းလွဲ ၂နာရီ ထုတ်ပြန်ချက်)

ယနေ့နံနက် ၀၉:၃၀ နာရီအချိန်ထိ မိုးလေဝသ တိုင်းထွာချက်အကျဉ်းချုပ်။ ။လွန်ခဲ့သော၂၄နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် မြစ်ဝကျွန်းပေါ်ဒေသများသို့ ဝင်ရောက်လျက်ရှိပါသည်။ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင်နေရာကွက်ကျား၊ ရှမ်းပြည်နယ်တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့အောက်၅ဒီဂရီစင်တီဂရိတ်မှ၆ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ကာ ကျန်ဒေသများတွင် မေလ၏ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာရေးမြို့တွင် ၆ဒသမ၃၄ လက်မ၊ ဝမြို့တွင် ၄ဒသမ၀၂ လက်မ၊ သံတွဲမြို့တွင် ၂ဒသမ၉၅ လက်မ၊ စစ်တွေမြို့တွင် ၂ဒသမ၁၂ လက်မ၊ ပုသိမ်မြို့တွင် ၁ဒသမ၉၆ လက်မနှင့် ခန္တီးမြို့တွင် ၁ ဒသမ ၇၇လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ယနေ့နံနက် မြန်မာစံတော်ချိန် ၆နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတွင် လေဖိအားနည်း ရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေပြီး ယင်းသည် မုန်တိုင်းငယ်တစ်ခုအဖြစ်သို့ ရောက်ရှိလာနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေအားအလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

၂၀၀၈ ခုနှစ် မေ၁၅ရက် ညနေအထိခန့်မှန်းချက်။ ။ ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်တောင်ပိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅မိုင် အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြစ်ဝကျွန်းပေါ်ဒေသများတွင် လေထုမငြိမ်သက်မှုများ ဆက်လက်ဖြစ်ပေါ်နေမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မေ ၁၅ ရက် ညနေအထိခန့်မှန်းချက်

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မေ ၁၅ ရက် ညနေအထိ ခန့်မှန်းချက်

မိုးပြတ်တောင်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မေ ၁၅ ညနေအထိ ခန့်မှန်းချက်

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်	၃၀ ဒသမ ၄ ဒီဂရီစင်တီဂရိတ် (၈၇ ဒီဂရီ ဖာရင်ဟိုက်)	၁၃-၅-၂၀၀၈
အနိမ့်ဆုံးအပူချိန်	၂၂ ဒသမ ၀ ဒီဂရီစင်တီဂရိတ် (၇၂ ဒီဂရီ ဖာရင်ဟိုက်)	၁၄-၅-၂၀၀၈
နံနက်၉နာရီခွဲချိန် စိုထိုင်းဆ	၉၂ ရာခိုင်နှုန်း	၁၄-၅-၂၀၀၈
နေပူသည့်နာရီပေါင်း	၀ဒသမ၄ နာရီခန့်	၁၃-၅-၂၀၀၈

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၁၄-၅-၂၀၀၈	၁၀မမ(၀.၄၀လက်မ)	၂၁မမ(၀.၈၂လက်မ)	၃၃ မမ (၁.၃၀လက်မ)
၁-၁-၂၀၀၈မှယနေ့အထိ	၅၄၇မမ(၂၁.၅၄လက်မ)	၆၃၂ မမ(၂၄.၈၈လက်မ)	၆၉၂ မမ (၂၇.၂၄ လက်မ)

ရန်ကုန်ကမ္ဘာအေး၏ အများဆုံးလေတိုက်နှုန်းမှာ ၁၃-၅-၂၀၀၈ ရက် မွန်းလွဲ ၃နာရီ ၄၅မိနစ်တွင် အရှေ့တောင်ဘက်မှ တစ်နာရီ ၁၅ မိုင်နှုန်းတိုက်ခတ်သည်။ **(မိုးလေဝသ)**

ကယ်ဆယ်ရေး ပစ္စည်းများ လက်ရောက်ပေးအပ်

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း လှိုင်သာယာမြို့နယ် အမှတ်(၈) အခြေခံပညာ အလယ်တန်းကျောင်း လေဘေးကယ်ဆယ်ရေးစခန်းရှိ လေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများ လက်ရောက် ပေးအပ်စဉ်။

(သတင်းစဉ်)

လှိုင်သာယာမြို့နယ် လေဘေးကယ်ဆယ်ရေးစခန်းရှိ လေဘေးသင့်ပြည်သူများအား ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ကယ်ဆယ်ရေးပစ္စည်းများထောက်ပံ့ပေးအပ်

ရန်ကုန် မေ ၁၄

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့ညနေ၄နာရီတွင် ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် အမှတ်၂၀ရပ်ကွက် အမှတ်(၈) အခြေခံပညာအလယ်တန်းကျောင်းရှိ လေဘေးကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိသည်။

အားပေးစကားပြောကြား

ရေးဦးစွာ အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် လေဘေးသင့်အိမ်ထောင်စု(၁၈၂)စုမှ အိမ်ထောင်စုဝင် လူဦးရေ ၁၀၄၀တို့အား တွေ့ဆုံပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်၍ အားပေးစကားပြောကြားသည်။

တက်ရောက်ပေးအပ်

ထို့နောက် အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် လေဘေးသင့် အိမ်ထောင်စုများအား နိုင်ငံတော်နှင့် စေတနာရှင်ပြည်သူများက လှူဒါန်းသည့် ဆန်၊ ခေါက်ဆွဲခြောက်ထုပ်၊ ငါးသေတ္တာ၊ မွေ့ဆပ်ပြာ၊ အီလန်ဆပ်ပြာ၊ Cool သွားတိုက်ဆေး၊ စတီးပန်းကန်ပြားနှင့် ဖိနပ်စသည့် ကယ်ဆယ်ရေးပစ္စည်းများကို အိမ်ထောင်စုတစ်စုချင်းအလိုက် လက်ရောက်ပေးအပ်ခဲ့သည်။

(သတင်းစဉ်)

ကယ်ဆယ်ရေးလုပ်ငန်းများ၌ တပ်မတော်(လေ)မှ ဆက်လက်ပါဝင်ဆောင်ရွက်

နေပြည်တော် မေ ၁၄

လေဘေးသင့် ပြည်သူများအား ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် တပ်မတော်(လေ)မှ ဆက်လက်ပါဝင် ဆောင်ရွက်လျက်ရှိရာ မေ ၁၃ရက်တွင် ဘိုကလေး၊ ကမာတလူ၊ ကန်ဆစ်၊ ကြိမ်ချောင်း၊ စက်ဆန်း၊ ကျိုက်လတ်၊ ဖျာပုံ၊ ဒေးဒရဲ၊ ကျုံဒါး၊ အမာ၊ ပုသိမ်၊ လပွတ္တာ၊ မြောင်းမြဒေသများ၌ ကယ်ဆယ်ရေးပစ္စည်း စုစုပေါင်း၁၀၁ဒသမ၇တန်ကို တပ်မတော်ရဟတ်ယာဉ်များဖြင့် ပို့ဆောင်ပေးခဲ့ပြီး ယနေ့အထိ ကယ်ဆယ်ရေး ပစ္စည်း စုစုပေါင်း ၃၂၇ဒသမ၁၈တန်ကို လေဘေးသင့်အရပ်ဒေသများသို့ ပို့ဆောင်ပေးနိုင်ခဲ့ပြီးဖြစ်သည်။

(သတင်းစဉ်)

လေဘေးသင့်ပြည်သူများအတွက် ငွေများလှူဒါန်းလျက်ရှိ

ရန်ကုန် မေ ၁၄

လေဘေးသင့်ပြည်သူများအတွက် ပြည်တွင်းပြည်ပမှ စေတနာရှင်အလှူရှင်များက အလှူငွေများကို ဆက်လက်လှူဒါန်းလျက်ရှိကြရာ ယနေ့တွင်ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်(ရန်ကုန်ရုံးခွဲ)ရှိ အလှူငွေလက်ခံရာဌာန၌ ကျင်းပပြီး အလှူရှင်များက လှူဒါန်းကြသော အလှူငွေများကို ဘဏ္ဍာငွေလက်ခံရေးနှင့်ထုတ်ပေးရေးဆပ်ကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက လက်ခံသည်။

အဆိုပါအလှူရှင်များမှာ မြန်မာ့အမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းက ငွေကျပ် ၁၀သိန်း၊ ဒေါက်တာသိန်းထွန်းနှင့် ဒေါက်တာဒေါ်သန်းတိုးမိသားစုက ငွေကျပ်တစ်သိန်း၊ ဦးထွန်းလွင်(ရွှေမဲကုမ္ပဏီလီမိတက်)က ငွေကျပ်သိန်း ၁၀၀၊ ဦးလှမြင့်နှင့် ဒေါ်ဖြူဖြူဝင်း၊ သမီး ထက်သူဇာမြင့်၊ သား ဗိုလ်ကြီးသက်အောင်ဇော်မြင့်တို့က ငွေကျပ်တစ်သိန်း၊ ဒုတိယရဲမှူးကြီးရဲမင်းနှင့် ဒေါ်သန်းသန်းဌွေး မိသားစု(ပြည်ထဲရေးဝန်ကြီးဌာန)၊ ဦးဟန်ငြိမ်းနှင့် ဒေါ်နွဲ့(ရွှေရည်ဝင်းရွှေဆိုင်)နှင့်ကိုမောင်မောင်ရွှေနှင့် မသန္တာဆွေဦး၊ သား မောင်သုထက်၊ မောင်သုဝေတို့ကငွေကျပ်တစ်သိန်းစီ၊ ဦးဝင်းနိုင်နှင့် ဒေါ်မိုမိုအောင်မိသားစု(Total E & P Myanmar)၊ ဒေါက်တာရဲမြင့် - ဒေါက်တာသိန်းသိန်းမြင့်နှင့် မောင်နှမများနှင့် ဒေါက်တာမျိုးမြင့်ဦးနှင့် ဒေါက်တာမြသီတာ မိသားစုတို့က ငွေကျပ်ငါးသိန်းစီ၊ XJ Group Corporation က ငွေကျပ် သိန်း၁၀၀၊ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ပုလဲလုပ်ငန်းမှ ဝန်ထမ်းများနှင့် ပြည်တွင်းပြည်ပပုလဲကုမ္ပဏီများက ငွေကျပ်သိန်း၂၀၊ Htoo Group of Companies က ငွေကျပ်သိန်း ၃၀၀၀၊ Maha Sumeru Butthist Society,Malaysai က အမေရိကန်ဒေါ်လာ ၂၀၀၀၀၊ Maha Sumeru Butthist Society, Malaysai က အမေရိကန်ဒေါ်လာ၂၄၉၁၊ Sahakol & Lumpoon Dum Co.,Ltd.of Thailand ,Bangkok ကအမေရိကန်ဒေါ်လာ၃၅၀၀၊ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ပုလဲလုပ်ငန်းမှ ဝန်ထမ်းများနှင့် ပြည်တွင်းပြည်ပပုလဲကုမ္ပဏီများက FEC ၁၀၀၀တို့ ဖြစ်သည်။

ယနေ့တွင် လက်ခံရရှိသည့် အလှူငွေ စုစုပေါင်းမှာ ငွေကျပ် သိန်း၁၇၅၀၊ အမေရိကန်ဒေါ်လာ ၂၅၉၉၁ ဒေါ်လာနှင့် FEC ၁၀၀၀တို့ဖြစ်ကြောင်း သတင်း ရရှိသည်။

(သတင်းစဉ်)

မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် နိုင်ငံတစ်ဝန်းရှိ စေတနာရှင်ပြည်သူများ၏ လှူဒါန်းမှုစာရင်းပေါင်းချုပ်

စဉ်	ရက်စွဲ	လှူဒါန်းမှု		စုစုပေါင်း
		ငွေ	ပစ္စည်း	
၁။	၆-၅-၂၀၀၈	၃၇၀၃၀၁၀၀	၉၃၄၇၆၂၄၀	၁၃၀၅၀၆၂၄၀
၂။	၇-၅-၂၀၀၈	၉၇၄၉၀၄၃၀၅	၂၆၆၃၀၇၁၀၀	၁၂၄၁၂၁၁၄၀၅
၃။	၈-၅-၂၀၀၈	၂၆၇၅၇၅၇၅၀	၁၉၇၄၉၂၂၁၇	၄၆၅၀၆၇၉၆၇
၄။	၉-၅-၂၀၀၈	၁၈၈၂၅၀၇၁၇၀	၂၉၇၀၂၂၅၈၄	၂၁၇၉၅၂၉၇၅၄
၅။	၁၀-၅-၂၀၀၈	၃၀၃၄၅၇၇၂၄၀	၈၆၃၇၁၈၅၀	၃၈၉၈၂၉၀၉၀
၆။	၁၁-၅-၂၀၀၈	၁၃၄၀၁၅၉၀၅	၄၁၉၉၉၈၇၅	၁၇၆၀၁၅၇၉၀
၇။	၁၂-၅-၂၀၀၈	၁၂၀၉၄၆၀၀၀	၂၆၀၀၂၁၉၉၀	၃၈၀၉၆၇၉၉၀
၈။	၁၃-၅-၂၀၀၈	၃၃၀၉၅၉၉၉၀	၂၄၄၂၈၅၉၉၀	၅၇၅၂၄၅၉၈၀
၉။	၁၄-၅-၂၀၀၈	၂၆၁၅၁၅၂၀၆	၁၈၇၃၈၀၅၅၂	၄၄၈၈၉၅၈၃၈
	လှူဒါန်းမှုစုစုပေါင်း	၄၃၁၂၉၁၁၆၅၆	၁၆၇၄၃၅၈၃၉၈	၅၉၈၇၂၇၀၀၅၄

လေဘေးသင့်ပြည်သူများအတွက် မြန်မာနိုင်ငံဘဏ်များအသင်းမှ ငွေများလှူဒါန်း

ရန်ကုန် မေ ၁၄

လေဘေးသင့် ပြည်သူများအတွက် လှူဒါန်းငွေများကို အလှူရှင်များက ပေးအပ်လှူဒါန်းလျက်ရှိရာ မြန်မာနိုင်ငံဘဏ်များအသင်းဝင်အောက်ပါဘဏ်များ၏ ယနေ့အထိ အသီးသီး လှူဒါန်းပြီးသော အလှူငွေစာရင်းမှာ ကမ္ဘောဇဘဏ်လီမိတက်က ငွေကျပ် သိန်း ၃၀၀၀၊ သမဝါယမဘဏ်လီမိတက်၊ ထွန်းဖောင်ဒေးရှင်းဘဏ်လီမိတက်နှင့် မြဝတီဘဏ်လီမိတက်တို့က ငွေကျပ်သိန်း ၁၀၀၀ စီ၊ မြန်မာအရှေ့တိုင်းဘဏ် လီမိတက်နှင့် ရိုးမဘဏ် လီမိတက်တို့က ငွေကျပ်သိန်း၅၀၀စီ၊ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ်လီမိတက်က ငွေကျပ်သိန်း၃၀၀၊ အာရှ ရန်ကုန်ဘဏ်လီမိတက်က ငွေကျပ်သိန်း၃၀၊ ပထမ ပုဂ္ဂလိကဘဏ်လီမိတက်မှ ငွေကျပ်သိန်း ၅၀၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက်က ငွေကျပ်သိန်း ၅၀၀ စုစုပေါင်း ငွေကျပ်သိန်း ၇၈၈၀ဖြစ်ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆက်လက်ရောက်ရှိ

ရန်ကုန် မေ ၁၄

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့်ဒေသများအတွက် နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့လျက်ရှိကြရာ ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာကလေးများ ရန်ပုံငွေအဖွဲ့(UNICEF)မှ ဆေးဝါးပစ္စည်း ၁၈တန်သည် AN-12လေယာဉ်ဖြင့် ယနေ့ နံနက်၆နာရီ မိနစ်၂၀တွင်လည်းကောင်း၊ အမေရိကန်ပြည်ထောင်စုမှ ရေသန့်ဘူးများ၊ အစားအစာများ၊ ပလတ်စတစ်များ၊ အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းများ စုစုပေါင်း ၅၇တန်ခန့်သည် C-130 လေယာဉ်ငါးစင်းဖြင့် နံနက်၈နာရီ၄၅မိနစ်၊ နံနက်၁၀နာရီ၊ နံနက်၁၁နာရီ၊ မွန်းလွဲ၂နာရီနှင့် ညနေ၃နာရီတို့တွင် လည်းကောင်း၊ ဆွစ်ဇာလန်နိုင်ငံ အခြေစိုက် နယ်စည်းမခြား ဆရာဝန်များအဖွဲ့မှ ခြင်ထောင် ၁၃၆၇ထုပ် တန်ချိန်၁၁တန်သည် DC-8လေယာဉ်ဖြင့် နံနက်၉နာရီ၄၅မိနစ်တွင်လည်းကောင်း၊ ထိုင်းနိုင်ငံ ထိုင်းအိမ်ရှေ့မင်းသား မဟာဇာဂျီရာလောင်ကွန်က လှူသုံးကုန်ပစ္စည်းများ၊ အစားအစာများ၊ အဝတ်အထည်များ စုစုပေါင်း၁၁တန်ခန့်သည် C-130 လေယာဉ်နှစ်စင်းဖြင့် နံနက်၁၀နာရီ ၅မိနစ်နှင့် ၁၀နာရီ၁၅မိနစ်တို့တွင်လည်းကောင်း၊ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(WFP)မှ ပလတ်စတစ် ၁၆၀၅ပါကင် ၃၆ဒသမ၅၃တန်သည် IL-76 လေယာဉ်ဖြင့် နံနက် ၁၀နာရီ မိနစ်၂၀တွင်လည်းကောင်း၊ ဆွီဒင်နိုင်ငံရှိ အရေးပေါ်ကယ်ဆယ်ရေးဌာနမှ မိုးကာတဲ ၁၄၄ခု၊ တာပေါ်လင် ၁၄၄ခု၊ စောင် ၇၂၀တို့သည် AN-12 လေယာဉ်ဖြင့် နံနက် ၁၀နာရီခွဲတွင် လည်းကောင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာကြသည်။

ရောက်ရှိ

အလားတူ ပြင်သစ်နိုင်ငံရှိ အပြည်ပြည်ဆိုင်ရာကြက်ခြေနီအသင်း(ICRC)မှ တိုယိုတာကားတစ်စီး၊ ရေသန့်စင်စက်နှင့် ဆက်စပ်ပစ္စည်းများ စုစုပေါင်း ၂၀တန်သည် IL-76 လေယာဉ်ဖြင့် မနေ့ရက် ညနေ၃နာရီ၄၅မိနစ်တွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာကြောင်း သိရသည်။

ချက်ချင်းဖြန့်ဝေ

မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ပြည်ပနိုင်ငံများမှ စေတနာရှင်များ လှူဒါန်းသည့် ပစ္စည်းများသည် လေယာဉ်များ၊ သင်္ဘောများဖြင့် အဆက်မပြတ်ရောက်ရှိလျက်ရှိရာ ထိုရောက်ရှိလာသော ပစ္စည်းများကို လေဆိပ်၊ သင်္ဘောဆိပ်များတွင် ပစ္စည်းလက်ခံရယူရေးအဖွဲ့များက စနစ်တကျလက်ခံရယူပြီး နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ မုန်တိုင်းဒဏ်ခံခဲ့ရသောဒေသများသို့ ရဟတ်ယာဉ်များ၊ မော်တော်ယာဉ်များ၊ ရေယာဉ်များဖြင့် ချက်ချင်း ဖြန့်ဝေပေးပို့လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မုန်တိုင်းဒဏ်ခံရသော ပြည်သူများအတွက် ပြည်နယ်နှင့်တိုင်းအသီးသီးရှိ စေတနာရှင် အလှူရှင်များက ထောက်ပံ့ငွေနှင့်ပစ္စည်းများ ဆက်လက်လှူဒါန်း

နေပြည်တော် မေ ၁၄

မုန်တိုင်းဒဏ်ခံရသောပြည်သူများအတွက် ပြည်နယ်နှင့်တိုင်းအသီးသီးမှ ဌာနဆိုင်ရာများ၊အဖွဲ့အစည်းများ၊ တပ်မတော်သားမိသားစုများနှင့် စေတနာရှင်ပြည်သူများက အမျိုးသားရေးစိတ်ဓာတ်အရင်းခံဖြင့် ထောက်ပံ့ငွေနှင့်ပစ္စည်းများကို ဆက်လက်ပေးအပ်လှူဒါန်းလျက်ရှိရာ ကချင်ပြည်နယ်မှ စေတနာရှင်ပြည်သူများက အလှူငွေကျပ် ၁၂၃၅သိန်းကိုလည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ပြည်သူများက အလှူငွေကျပ် ၆၅၂၇၀၉၈၆ ကိုလည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ပြည်သူများက အလှူငွေကျပ် ၁၁၁၉၈၀၀တန်ဖိုးရှိ ငွေနှင့်ထောက်ပံ့ရေးပစ္စည်းများကိုလည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်မှ တပ်မတော်သားမိသားစုများနှင့် စေတနာရှင်ပြည်သူများက အလှူငွေကျပ် ၉၇၀၇၂၀၀နှင့် ငွေကျပ် ၅၆၀၇၁၅၂ တန်ဖိုးရှိ ထောက်ပံ့ရေးပစ္စည်းများကိုလည်းကောင်း၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်မှ စေတနာရှင်ပြည်သူများက အလှူငွေကျပ် ၃၇၅၀၂၀၀နှင့် ငွေကျပ် ၃၅၂၁၉၀၀တန်ဖိုးရှိ ထောက်ပံ့ရေးပစ္စည်းများကိုလည်းကောင်း၊ တနင်္သာရီတိုင်းမှ စေတနာရှင်ပြည်သူများက ငွေကျပ် ၄၈၁၀၈၂၀၀တန်ဖိုးရှိ အိမ်ဆောက်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့်အဝတ်အထည်မျိုးစုံတို့ကိုလည်းကောင်း၊ မန္တလေးတိုင်းမှ စေတနာရှင်ပြည်သူများက ငွေကျပ်၁၁၅၁၇၃၅၀၀တန်ဖိုးရှိ စားသောက်ကုန်ပစ္စည်းများ၊ အဝတ်အထည်မျိုးစုံ၊ ဆေးပစ္စည်းမျိုးစုံနှင့် မိုးကာတဲများကိုလည်းကောင်း၊ မကွေးတိုင်းမှ ပြည်သူများက အလှူငွေကျပ် ၆၅၁၂၀၀၀ကိုလည်းကောင်း၊ ပဲခူးတိုင်းအတွင်းမှ တပ်မတော်သားမိသားစုများနှင့် ပြည်သူများက အလှူငွေကျပ် ၅၂၆၇၄၉၀၀နှင့် ငွေကျပ် ၁၃၉၅၀၀၀၀တန်ဖိုးရှိ ဆန်အိတ်၉၃၀ကိုလည်းကောင်း အသီးသီးပေးအပ်လှူဒါန်းကြရာ စေတနာရှင် အလှူရှင်များ၏ ယနေ့လှူဒါန်းသည့် ငွေနှင့်ထောက်ပံ့ပစ္စည်း စုစုပေါင်းတန်ဖိုးမှာ ငွေ ၄၄၈၈၉၅၈၃၈ကျပ်ဖြစ်ပြီး မေ ၁၄ရက်အထိ လှူဒါန်းသည့်ငွေနှင့် ထောက်ပံ့ရေးပစ္စည်းစုစုပေါင်းတန်ဖိုးမှာ ငွေ ၅၉၈၇၂၇၀၀၅၄ကျပ် ရှိပြီဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း လှိုင်သာယာမြို့နယ် လေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေး

ရန်ကုန် မေ ၁၄

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့သည် ယနေ့ ညနေ ၅နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၇)ရပ်ကွက် အမှတ်(၁၅)အခြေခံပညာမူလတန်းကျောင်း၌ ဖွင့်လှစ်ထားသော လေဘေးကယ်ဆယ်ရေးစခန်းသို့သွားရောက်၍ လေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြားပြီး ရေသန့်၊ စားသောက်ဖွယ်ရာ၊ ဖယောင်းတိုင်နှင့် အသုံးအဆောင်ပစ္စည်းများ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ကြသည်။

တိုးချဲ့ဖွင့်လှစ်

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းက နိုင်ငံတော်အစိုးရ၏ ပံ့ပိုးကူညီမှု၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ဝန်ကြီးဌာနများ၊ စေတနာရှင်၊ အလှူရှင်များ ပူးပေါင်း၍ လျှပ်စစ်မီးရရှိရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ စက်မှုဇုန်များ ပုံမှန်လည်ပတ်၍ အလုပ်သမားများလုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်နိုင်ရေးနှင့် အခွန်လွတ်ဈေးများနှင့် အထူးဆန်ဆိုင်များ ထပ်မံတိုးချဲ့ဖွင့်လှစ်လျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ အကျယ်တဝင့်ရှင်းလင်းပြောကြားသည်။

စီစဉ်ဆောင်ရွက်

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက လေဘေးသင့်ပြည်သူများအား နိုင်ငံတော်အစိုးရ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ဒေသအာဏာပိုင်များနှင့် ဝန်ကြီးဌာနများ၊ စေတနာရှင်၊ အလှူရှင်များ ပြည်သူများပူးပေါင်း၍ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရင်းရင်းနှီးနှီးအားပေးစကားပြောကြားသည်။

ရင်းရင်းနှီးနှီးအားပေး

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့က လေဘေးသင့်ကယ်ဆယ်ရေးစခန်းရှိ လေဘေးသင့်ပြည်သူများ၏ လက်ဝယ်သို့အရောက် စားသောက်ကုန်၊ ရေသန့်၊ ဖယောင်းတိုင်နှင့် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပြီးရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အားပေးစကားပြောကြား

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်လှဌေးဝင်းနှင့် အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့ လှိုင်သာယာမြို့နယ် အမှတ်(၁၅) အခြေခံပညာမူလတန်းကျောင်း၌ ဖွင့်လှစ်ထားသော လေဘေးကယ်ဆယ်ရေးစခန်းရှိ ပြည်သူများအားတွေ့ဆုံ၍ အားပေးစကားပြောကြားစဉ်။

(သတင်းစဉ်)

ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်း ယနေ့အထိ သေဆုံး၊ ဒဏ်ရာရ၊ ပျောက်ဆုံးမှုအခြေအနေ

နေပြည်တော် မေ ၁၄

မေ ၂ရက်နှင့် ၃ရက်အတွင်း တိုက်ခတ်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့် သေဆုံး၊ ဒဏ်ရာရ ပျောက်ဆုံးမှုမှာ မေ ၁၄ရက် ညနေ၆နာရီအထိ ရရှိသော စာရင်းများအရ မုန်တိုင်းဒဏ်ခံရသော ဒေသအားလုံးတွင် ယနေ့အထိ သေဆုံးသူစုစုပေါင်းမှာ ၃၈၄၉၁ ဦး၊ ဒဏ်ရာရသူ စုစုပေါင်းမှာ ၁၄၀၃ ဦး၊ ပျောက်ဆုံးသူ စုစုပေါင်းမှာ ၂၇၈၃၈ဦးရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ဒေသများသို့ တပ်မတော်ရဟတ်ယာဉ်ဖြင့် ဆက်လက်သယ်ယူပို့ဆောင်

ရန်ကုန် မေ ၁၄

ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ဒေသများသို့ ရန်ကုန်မြို့မှ တပ်မတော်ရဟတ်ယာဉ်ဖြင့် ကယ်ဆယ်ရေးပစ္စည်းများကို ယနေ့ နံနက်ပိုင်းတွင် ဆက်လက်သယ်ယူပို့ဆောင်ရာ ရွက်ဖျင်တဲများ၊ မိုးကာတာပေါ်လင်အလိပ်များ၊ အစားအစာရိက္ခာခြောက်များ၊ ဆေးဝါးများ၊ ရေသန့်ဘူးများ၊ ဆန်အိတ်များ၊ အဝတ်အထည်များနှင့် မီးဖိုချောင်သုံးပစ္စည်းများအပါအဝင် စုစုပေါင်း အလေးချိန်ကီလိုဂရမ် ၂၃၀၀ ကို ဘိုကလေးမြို့သို့ သယ်ယူပို့ဆောင်ထောက်ပံ့ခဲ့သည်။

(သတင်းစဉ်)

အထွေထွေအတွင်းရေးမှူး ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်

ရန်ကုန် မေ ၁၄

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဧရာဝတီတိုင်း လပွတ္တာမြို့တွင် အခြေပြု၍ လပွတ္တာမြို့နယ်အတွင်းရှိ လေဘေးသင့်သည့်ဒေသများအား ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မေ ၁၂ရက်တွင် လပွတ္တာမြို့ ဆုတောင်းပြည့်ဘုရားဝင်းရှိ ယာယီကယ်ဆယ်ရေးစခန်း၌ လေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားသည်။

ဖြည့်ဆည်းကူညီ

ထို့နောက် အထွေထွေအတွင်းရေးမှူး ဝန်ကြီးသည် လေဘေးသင့်ကျေးရွာများမှ လေဘေးသင့်သူများအား မိုးကာစများ၊ ရေစုပ်စက်၊ ဟာလာစက် စသည်များနှင့် လိုအပ်သော ပစ္စည်းများဖြန့်ဖြူးမှု၊ ကျေးရွာများရှိ စပါးများကြိတ်ခွဲနိုင်ရေး၊ ရေငန်ဝင်သည့် ကျေးရွာ ရေကန်ငယ်များအား ရေစုပ်ထုတ်၍ သောက်သုံးရန်မိုးရေ၊ ရေချိုရရှိရေး၊ စပါးမျိုးများ ရရှိရေး၊ စပါးအချိန်မီ ပြန်လည် စိုက်ပျိုးနိုင်ရေးတို့ကို ပံ့ပိုးကူညီဆောင်ရွက်ပေးသည်။

ဆက်လက်၍ အထွေထွေအတွင်းရေးမှူး ဝန်ကြီးသည် လပွတ္တာမြို့ ရတနာဒီပ အားကစားကွင်းရှိ ယာယီကယ်ဆယ်ရေးစခန်း၌ ရွက်ဖျင်တဲများဖြင့် နေထိုင်မှုအခြေအနေနှင့် ထပ်မံ၍ ရွက်ဖျင်တဲများ ထိုးနေမှုတို့ကို ကြည့်ရှုကာ လိုအပ်သည်များ ဖြည့်ဆည်းကူညီပေးသည်။

ယင်းနောက် အထွေထွေအတွင်းရေးမှူး ဝန်ကြီးသည် ကွပ်ကဲမှုရုံး၌ ရန်ကုန်မြို့မှ ရောက်ရှိလာသော မြန်မာနိုင်ငံ ကြက်ခြေနီအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းလှရွှေနှင့် အဖွဲ့ဝင်များနှင့် ကုလသမဂ္ဂစားနပ်ရိက္ခာအစီအစဉ်မှ တာဝန်ခံအား တွေ့ဆုံ၍ ကယ်ဆယ်ရေး ပစ္စည်းများ ထောက်ပံ့ရေးကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးသည်။

ပေးအပ်လှူဒါန်း

ထို့နောက် အထွေထွေအတွင်းရေးမှူး ဝန်ကြီးသည် လပွတ္တာမြို့ ရတနာဒီပ အားကစားကွင်းရှိ လေဘေးသင့်ကျေးရွာများမှ အိမ်ထောင်စုများအတွက် ဆန်၊ ရိက္ခာ၊ အစားအစာ၊ ဒန်အိုးဒန်ခွက်၊ စောင်၊ အဝတ်အထည်နှင့် ထောက်ပံ့ငွေများကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

လေဘေးသင့်ပြည်သူများအတွက် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့မှ အလှူငွေများပေးအပ်လှူဒါန်း

ရန်ကုန် မေ ၁၄

မုန်တိုင်းဒဏ်ခံရသည့် ပြည်သူများအတွက် အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းနိုင်ရန်အတွက် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ အထူးအစည်းအဝေး(၁/၂၀၀၈)ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ အစည်းအဝေးခန်းမ၌ကျင်းပရာ သဘာပတိဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဒေါက်တာတင်ထွန်းဦးက အစည်းအဝေးခေါ်ယူရခြင်းအကြောင်း ရှင်းလင်းတင်ပြသည်။

အစည်းအဝေးအပြီးတွင် အလှူငွေပေးအပ်ပွဲကိုကျင်းပရာ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့က ငွေကျပ် ၁၀ သိန်း၊ ပန်းအလင်္ကာမဂ္ဂဇင်းနှင့် ယူနိုက်တက်ဂျာနယ်က ငွေကျပ် ၁၀ သိန်း၊ အတွင်းရေးမှူး ဒေါက်တာတင်ထွန်းဦး- ဒေါက်တာခင်မိုးမိုး (စွယ်စုံမီဒီယာလုပ်ငန်းစု)က ငွေကျပ် သုံးသိန်း၊ တွဲဖက်အတွင်းရေးမှူး ဦးကိုကို(ကိုကို-စက်မှုတက္ကသိုလ်) မိသားစုက နှစ်သိန်း၊ ဗဟိုအမှုဆောင်ကော်မတီဝင် ဦးမြင့်ကြွယ် (မောင်မြင့်ကြွယ်)- ဒေါ်တင်တင်လှ မိသားစုက ငွေကျပ်နှစ်သိန်းနှင့် ငွေကျပ်တစ်သိန်း တန်ဖိုးရှိ စီဝိုင်စီသက်န်း ၁၂ စုံ၊ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)-ဒေါ်မြင့်မြင့်မိသားစု၊ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ဦးတင်ခ(တက္ကသိုလ်တင်ခ)မိသားစု၊ ဦးသန်းမောင်(သန်းမောင်) မိသားစု၊ ဦးမြင့်သိန်း(မြင့်သိန်းအောင်)မိသားစု၊ ဗဟိုအမှုဆောင်ကော်မတီဝင်များဖြစ်ကြသည့် ဦးမြတ်ခိုင်(လျှပ်တစ်ပြက်)ဂျာနယ်နှင့် ဦးခင်မောင်သန်း(ဇန်ဇန်) မိသားစုတို့က ငွေကျပ်တစ်သိန်းစီ၊ တွဲဖက်အတွင်းရေးမှူး ဦးစိုးရှိန်(မောင်စိုးထိုက်-သုံးဆယ်) မိသားစုက ငွေကျပ်တစ်သိန်းတန်ဖိုးရှိ စီဝိုင်စီသင်္ကန်း ၁၂ စုံ၊ ဗဟိုအမှုဆောင် ကော်မတီဝင် ဦးမောင်မောင်မြင့်အေး (မောင်မောင်မြင့်အေး)(လာဘ်မိုးဆွေစာပေ) မိသားစုက ငွေကျပ်တစ်သိန်းတန်ဖိုးရှိ စီဝိုင်စီသင်္ကန်း ၁၂ စုံ စုစုပေါင်း ငွေသားကျပ် ၃၃ သိန်းနှင့် ငွေကျပ် သုံးသိန်းတန်ဖိုးရှိ သင်္ကန်းများ အပါအဝင် ငွေကျပ် ၃၆ သိန်းကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။ **(ဝဲပုံ)**

လေဘေးသင့် ပြည်သူများအတွက် လှူဒါန်းလိုပါက မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ရုံးတည်ရှိရာ အမှတ် ၅၂၉/၅၃၁ ကုန်သည်လမ်းနှင့် ၃၇ လမ်းထောင့် ရန်ကုန်မြို့ရှိ စာပေဗိမာန် ဒုတိယထပ် ဖုန်း-၂၅၂၄၁၇၊ ၃၈၅၂၇၃ တို့သို့ ရုံးချိန်အတွင်း အလှူငွေ ဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကံမြင့်ကျောင်းတိုက် ကဆုန်အထူးတရားပွဲ

ရန်ကုန် မေ ၁၄

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် သီရိမင်္ဂလာလမ်း ကံမြင့်ကျောင်းတိုက်ဓမ္မာရုံကြီးတွင် ကဆုန်ညောင်ရေသွန်း အထူးတရားပွဲ ကျင်းပမည်ဖြစ်ရာ မေ ၁၈ရက်တွင် အဂ္ဂမဟာဂန္ထဝါစက အရှင်သုစိတ္တနေနတ်သားစာသင်တိုက်၊ ၁၉ရက်နှင့် ၂၀ရက် တို့တွင် ဓမ္မကထိက ဗဟုဇနဟိတဓရ ဖြူးဆရာတော် အရှင် နရပတိ၊ ၂၁ရက်နှင့် ၂၂ရက်တို့တွင် ပြည်တွင်းပြည်ပ မိုးကုတ်ဓမ္မကထိကအရှင်ပုညာနန္ဒနှင့် ၂၃ရက်တွင် ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း) ခင်မကန်ကျောင်းတိုက် နယ်လှည့်ဓမ္မကထိက အရှင်ခေမိန္ဒတို့က ဟောကြားမည်ဟု သိရသည်။ **(က-ပ)**

မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်နောက်ဆက်တွဲသတင်း

လျှင်ဒဏ်ခံရသော ကလေးငယ်တစ်ဦးအား တရုတ်ဝန်ကြီးချုပ်ဝမ်ကြားပေါင်က နှစ်သိမ့်အားပေးစကား ပြောကြားနေစဉ်။
(အင်တာနက်ဓာတ်ပုံ)

တရုတ်ငလျင်ကြောင့် သေဆုံးသူဦးရေ ၁၅၀၀၀အထိရှိလာ နိုင်ငံတကာမှအကူအညီများပေးရန် ပြင်ဆင်နေ

စီချွမ် မေ ၁၄

တရုတ်နိုင်ငံတွင် မေ ၁၂ရက်က ရစ်ချ်တာစကေး ၇ဒသမ၉ရှိ အင်အားပြင်းငလျင်လှုပ်ခဲ့မှုကြောင့် သေဆုံးသူဦးရေမှာ ၁၂၀၀၀ကျော် ရှိလာခဲ့ပြီဖြစ်ကြောင်း မေ ၁၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၇ ၌ ဖော်ပြခဲ့ရာ ယခုမေ ၁၄ရက် ညပိုင်း၌ သေဆုံးသူဦးရေ ၁၅၀၀၀ အထိ ရှိလာပြီဖြစ်ကြောင်း တရုတ်အရာရှိများက မေ ၁၄ရက်၌ ပြောကြားသည်။

ယခုအခါ ငလျင်ဒဏ်ခံစားရသည့် နေရာများတွင် တရုတ်စစ်ဘက်လေယာဉ် ၁၁စင်းနှင့် အခြားလေယာဉ် အစင်း ၃၀တို့က ငလျင်ဒဏ်ခံရသူများအား ရွှေ့ပြောင်းပေးလျက် ရှိသည်။ တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်သည် ငလျင်ဒဏ်ခံရသော ဒေသများသို့ သွားရောက်ကာ ငလျင်ဒဏ်ခံရသူများကို အားပေးစကားပြောကြားပြီး လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးလျက် ရှိသည်။

အထောက်အပံ့ပေး

ကယ်ဆယ်ရေးအဖွဲ့များကလည်း အဆောက်အအုံပျက်များအတွင်း ပိတ်မိနေသူများအား မြေတူးယာဉ်များ၊ ဝန်ချီယာဉ်များဖြင့် ဖယ်ရှားရှာဖွေလျက်ရှိသည်။ ငလျင်ဒဏ်ခံရသူများအား ကျန်းမာရေးအကူအညီနှင့် ဆေးဝါးအထောက်အပံ့များပေးရန် အသင့်ရှိကြောင်း ဂျော်ဒန်ဘုရင်အဗ္ဗဒူလာ(၂)က ပြောကြားသည်။

ထို့အတူ ရုရှားနိုင်ငံကလည်း ငလျင်ဒဏ် ခံရသူများအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီအဖြစ် ထောက်ပံ့ရေးလေယာဉ်တစ်စင်း စေလွှတ်ရန် ပြင်ဆင်နေပြီဖြစ်ကြောင်း ရုရှားအရေးပေါ်အခြေအနေဆိုင်ရာ ဝန်ကြီးဌာနမှ အရာရှိများက ပြောကြားသည်။

ပြောကြား

တစ်ဖန် ဂျပန်နိုင်ငံက တရုတ်ငလျင်ဒဏ်ခံစားရသော ဒေသခံများအတွက် ထောက်ပံ့ရေးအကူအညီအဖြစ် အမေရိကန်ဒေါ်လာ ငါးသန်း ပေးပို့လှူဒါန်းရန် ဂျပန်အစိုးရက ဆုံးဖြတ်လိုက်ပြီဖြစ်ကြောင်း ဂျပန်နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး မာဆာဟီကိုကိုမူရာက ပြောကြားသည်။

ထို့အတူ ဂျာမနီနိုင်ငံကလည်း တရုတ်ငလျင်ဒဏ်ခံစားရသော ပြည်သူများအတွက် အမေရိကန်ဒေါ်လာ ၇၇၀၀၀၀ လှူဒါန်းမည်ဖြစ်ကြောင်း၊ အဆိုပါငွေကြေးများကို အမြန်ပေးပို့မည်ဖြစ်ကြောင်း ဂျာမနီဝန်ကြီးချုပ် အင်ဂီလာမာကေးလ်က ပြောကြားသည်။

ကယ်ဆယ်ရေး

ငလျင်ဒဏ် အဆိုးရွားဆုံးခံရသည့် ချန်ဒူးမြို့နှင့် အနီးဝန်းကျင် အရပ်တွင် အဆောက်အအုံပျက်များအတွင်း ပိတ်မိနေသူ ထောင်ပေါင်းများစွာရှိနေရာ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်သားများ၊ ကယ်ဆယ်ရေးအဖွဲ့များက အမြန်ဆုံး ဖယ်ရှားရှင်းလင်းကာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိနေကြောင်း သိရသည်။ **(အင်တာနက်)**

ရွှေဘုန်းပွင့် စေတီတော်မြတ်ကြီး၌ ကဆုန်ညောင်ရေသွန်းပွဲတော် ကျင်းပမည်

ရန်ကုန် မေ ၁၄

ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးတွင် ၁၃၇၀ ပြည့်နှစ်၊ ကဆုန်လပြည့်နေ့(ဗုဒ္ဓနေ့) မေ ၁၉ရက်(တနင်္လာနေ့) နံနက် ၅နာရီတွင် စေတီတော်ကြီး၏ ဩဝါဒါစရိယဆရာတော်များဦးဆောင်၍ ဆရာတော် သံဃာတော်အပါး ၅၀ကျော်နှင့် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့တို့က ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲနှင့် ဆွမ်းတော်ကြီးကပ်လှူပွဲကို ဆောင်ရွက်တော်မူကြမည် ဖြစ်သည်။

စီစဉ်ပေးထားမည်

ကဆုန်လပြည့်နေ့(ဗုဒ္ဓနေ့) တနင်္လာနေ့တွင် ရွှေဘုန်းပွင့်စေတီတော် မြတ်ကြီးသို့ လာရောက်ကြသော ဘုရားဖူးများ စိတ်ချမ်းမြေ့စွာ ညောင်ရေသွန်းလောင်းပူဇော်နိုင်ရန် ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများက ညောင်ရေအိုး၊ အောင်သပြေ၊ အမွှေးနံ့သာများကို နံနက် ၆ နာရီမှ ညနေ ၆နာရီအထိ စီစဉ်ပေးထားမည်ဖြစ်သည်။ စတုဒိသာအလှူရှင်များနှင့် လှူဒါန်းလိုသူများက ဂေါပကအဖွဲ့ရုံး ဖုန်း-၂၉၀၄၂၅သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မလေငါးတန်
ပွဲ့ပြီးဖို့
စာအုပ်စာပေ
လေ့လာစို့

ရွှေတိဂုံစေတီတော် ရွှေထီးတော်မြတ် လုံးဝတိမ်းစောင်းမှုမရှိ

ရန်ကုန် မေ ၁၄

မုန်တိုင်းတိုက်ခတ်ရာ၌ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ရွှေထီးတော်ကြီးသည် လေပြင်းမုန်တိုင်းဒဏ် ပြင်းထန်စွာခံခဲ့ရသဖြင့် ယိမ်းယိုင်တိမ်းစောင်းမှုရှိမရှိ ကွန်ကောဒီးယားအင်တာနေရှင်နယ်ကုမ္ပဏီမှ ကျွမ်းကျင်သော မြေတိုင်းပညာရှင်အဖွဲ့အား ကုသိုလ်တော်ပြု၍ စနစ်တကျတိုင်းတာစေခဲ့သည်။

ထိုကုမ္ပဏီက ခေတ်မီတိုင်းတာရေး ပစ္စည်းများဖြစ်သော Total Station GTS 105M (Topcon Japan)နှင့် Total Station GTS 239N Topcon Japan တို့ဖြင့် မြေပြင်ထိန်းမှတ် CP ကိုးခုကို အခြေပြုကာ စေတီတော်ကြီး၌ တပ်ဆင်ထားသောPrism ၁၆ကိုတိုင်းတာ စစ်ဆေးခဲ့သည်။

တိမ်းစောင်းမှုမရှိ

တိုင်းတာစစ်ဆေးချက်များအရ ရွှေတိဂုံစေတီတော်ရွှေထီးတော်မြတ်ကြီးသည် လုံးဝတိမ်းစောင်းမှုမရှိကြောင်း သိရသည်။**(အပေါ်ပုံ)** **(သတင်းစဉ်)**

ကွမ်းခြံကုန်းမြို့ လေဘေးဒုက္ခသည်များအတွက် ကွမ်းခြံကုန်းမြို့နယ်အသင်း (ရန်ကုန်) ဆန်လှူဒါန်း

ရန်ကုန် မေ ၁၄

ကွမ်းခြံကုန်းမြို့နယ်အသင်း(ရန်ကုန်)မှ နာယကဦးစိုးညွန့်၊ ဥက္ကဋ္ဌဦးကျော်ခိုင်နှင့် အသင်းဝင်စေတနာရှင်တို့သည် မေ ၁၀ရက်က ကွမ်းခြံကုန်း လေဘေးဒုက္ခသည် ကယ်ဆယ်ရေးစခန်းသို့ သွားရောက်ကြပြီး ဗိုလ်မှူးကြီးသန်းနိုင်ဦးထံ ဆန်၊ ဆားနှင့် ခေါက်ဆွဲထုပ်များ ငွေကျပ် သိန်း၈၀ဖိုးခန့် လှူဒါန်းခဲ့သည်။

လှူဒါန်းပစ္စည်းများ

ဤကဲ့သို့ လှူဒါန်းရာတွင် မြို့နယ်အသင်းဥက္ကဋ္ဌ ဦးကျော်ခိုင်-ဒေါ်ခင်ခင်အေးမိသားစု(မြန်မာ့အလုဆောက်လုပ်ရေးနှင့် ရေ့ဆောင်ပုံနှိပ်တိုက်)တို့က ငွေကျပ်သိန်း ၅၀ မတည်ပြီး မြို့နယ်အသင်းမှ ငွေကျပ် ၁၀သိန်း၊ MPPE ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိန်တင်ဝင်း-ဒေါ်သင်းသင်းမြမိသားစုက ငွေကျပ်ငါးသိန်း၊ ဦးသိန်းဝင်း-ဒေါ်နီလာမိသားစုက ငွေကျပ်ငါးသိန်း၊ ဦးစွန္တီဒါတ်-ဒေါ်လှလှသွင်မိသားစုက ငွေကျပ်ငါးသိန်း၊ ဦးအောင်စိုး-ဒေါ်လှလှဝင်းမိသားစုက ငွေကျပ်နှစ်သိန်း၊ ဦးကျော်လှိုင်-ဒေါ်ပြုံးမိသားစုက ငွေကျပ်တစ်သိန်း၊ ဦးခင်ဇော်-ဒေါ်ကြည်ကြည်ဝင်းမိသားစုက ငွေကျပ်တစ်သိန်း၊ ဦးစိုးမြ-ဒေါ်ရွှေစုမိသားစုက ငွေကျပ်တစ်သိန်း စုစုပေါင်းငွေကျပ်သိန်း၈၀ ဖြစ်သည်။ လှူဒါန်းသောပစ္စည်းများမှာ ဆန်အိတ် ၃၇၀၊ ဆားအိတ် ၅၃၀၊ ယမ်ယမ်ခေါက်ဆွဲအိတ် ၄၆၈၀တို့ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

ကွမ်းခြံကုန်းမြို့နယ်အသင်း(ရန်ကုန်)အနေဖြင့်လည်း နောက်ထပ်လှူဒါန်းရန် စီစဉ်လျက်ရှိရာ ရန်ကုန်မြို့ရှိ ကွမ်းခြံကုန်းမြို့သူ၊ မြို့သားများသည် မိမိတို့ဇာတိမြို့ ကွမ်းခြံကုန်းမြို့ရှိ ကယ်ဆယ်ရေးစခန်းသို့ တိုက်ရိုက်ဖြစ်စေ၊ မြို့နယ်အသင်းမှတစ်ဆင့် ဖြစ်စေလှူဒါန်းနိုင်ပြီး မြို့နယ်အသင်း(ရန်ကုန်)မှတစ်ဆင့် လှူဒါန်းလိုပါက ဦးစိုးညွန့်(နာယက) ဖုန်း-၅၄၁၆၈၆၊ ဦးကျော်ခိုင်(ဥက္ကဋ္ဌ) ဖုန်း-၂၄၆၁၄၀၊ ဦးကျော်ဝင်း(ဒုတိယဥက္ကဋ္ဌ) ဖုန်း-၇၂၀၇၁၃၊ ဦးကြိုင်မြင့်(အမှုဆောင်) ဖုန်း-၃၇၁၅၆၃၊ ဒေါ်ဥ(အမှုဆောင်) ဖုန်း-၀၉-၈၀-၃၃၉၁၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြား

၁၅-၅-၂၀၀၈ရက်
(ကြာသပတေးနေ့)
နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အဆိုပြိုင်ပွဲ
၇း၅၅ ၅။ ဖြတ်လျှောက်ရုံလေးပဲလျှောက်ဖြစ်တော့မှာပါ (မေသန်းနု၊ပန်းဖြူ၊ ကျော်ဇေယျ၊ ဦးခိုင်တင်၊ မုန်းဖူးချစ်) (ဒါရိုက်တာ-မောင်မောင်ဦး၊ စနိုးပိုက်)
၈း၀၀ ၆။ အကပဒေသာ
၈း၁၅ ၇။ သင်ပုန်းရေလှောင်တမံ
၈း၃၀ ၈။ International News
၈း၄၀ ၉။ မူပဟန်သွယ်သွယ်ဆိုကြမယ်
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ တေးဂီတအစီအစဉ်
၄း၃၀ ၃။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၅း၀၅ ၄။ ရှမ်းပြည်နယ်အရှေ့ပိုင်းနမ်မွေတံတား
၅း၁၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၂၅ ၆။ တေးဂီတအစီအစဉ်
၅း၃၅ ၇။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၀၀ ၈။ ညနေခင်းသတင်း
၆း၃၀ ၉။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၀။ နိုင်ငံ့စီးပွားအလေးထားကျေးလက်ထုတ်ကုန်များ
၆း၄၅ ၁၁။ ကြေးမုံရိပ်သွင်တေးနယ်ည
၇း၀၀ ၁၂။ ရှင်သန်ခြင်း (မင်းဟိဏ်း၊ ဆုပန်ထွာ)၊ (ဒါရိုက်တာ-အောင်မိုး၊ ပဲရစ်)
၇း၁၀ ၁၃။ တေးဂီတအစီအစဉ်
၈း၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ မြန်မာဗီဒီယိုဇာတ်လမ်း **သိင်္ဂါရှနင်းဆီ (အပိုင်း-၂)** ဖြိုးငွေစိုး၊ စိုးမြတ်နန္ဒာ ဒါရိုက်တာ-နေပိုင်
၁၈။ အစီအစဉ်ပြီး၏။

ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး ကဆုန်ညောင်ရေသွန်းပွဲတော်

ရန်ကုန် မေ ၁၄

သမိုင်းဝင်အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ကဆုန်လပြည့် (ဗုဒ္ဓနေ့) ကဆုန်ညောင်ရေသွန်းပွဲတော်ကို စေတီတော်ကြီး၏ ဩဝါဒါစရိယဆရာတော်များ၏ ဩဝါဒကိုခံယူ၍ ဂေါပကအဖွဲ့မှ မေ ၁၉ ရက် နံနက် ၉နာရီတွင် ရင်ပြင်တော်ပေါ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

လှူဒါန်း

ကွမ်းခြံကုန်းမြို့နယ် လေဘေးဒုက္ခသည် ကယ်ဆယ်ရေး စခန်းမှူး ဗိုလ်မှူးကြီးသန်းနိုင်ဦးထံ ကွမ်းခြံကုန်းမြို့နယ်အသင်း(ရန်ကုန်)မှ ဥက္ကဋ္ဌနှင့် အမှုဆောင်များက ဆန်၊ ဆားနှင့် ခေါက်ဆွဲများလှူဒါန်းစဉ်။

(က-ပ)

လေဘေးသင့်ပြည်သူများ၏ စားဝတ်နေရေး၊ ကျန်းမာရေး ကိစ္စအဝဝကို စဉ်ဆက်မပြတ် အချိန်နှင့်တစ်ပြေးညီ ပြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိ

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့် မော်လမြိုင်ကျွန်းမြို့တွင် လေဘေး၊ ရေဘေးဒဏ်ခံ ပြည်သူများထံ ပစ္စည်းများဝေငှနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်မှ လေဘေးဒဏ်သင့် အိမ်ထောင်စုဝင်များအတွက် ရန်ကုန်တိုင်းစစ်ဌာနချုပ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှလှူဒါန်းသော အဝတ်အထည်များနှင့်စားသောက်ကုန်ပစ္စည်းများကို ဝေငှပေးစဉ်။

(သတင်းစဉ်)

မုန်တိုင်းတိုက်ခတ်မှုကြောင့်ပျက်စီးဆုံးရှုံးသွားသော ဒေသများအတွက် ဆွစ်ဇာလန်နိုင်ငံအခြေစိုက် နယ်စည်းမခြား ဆရာဝန်များအဖွဲ့မှ ခြင်ထောင်များ DC-8 လေယာဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိလာစဉ်။

(သတင်းစဉ်)

ဖျာပုံမြို့ လေဘေးသင့်ခံရသော အဆောက်အအုံများပြုပြင်ရန် သစ်ကားများရောက်ရှိလာစဉ်။

(သတင်းစဉ်)

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးသွားသော ဒေသများအတွက် ထိုင်းနိုင်ငံ ထိုင်းအိမ်ရှေ့မင်းသား မဟာဗာဂျီရာလောင်ကွန်ကလှူဒါန်းသည့်လှူသုံးကုန်ပစ္စည်းများ၊ အစားအစာများ၊ အဝတ်အထည်များ C-130 လေယာဉ်နှစ်စင်းဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာစဉ်။ (သတင်းစဉ်)

လှူဒါန်း

ကော့မှူး၊ ကွမ်းခြံကုန်း၊ လက်ခုပ်ကုန်းမြို့နယ်များရှိ ပြည်သူများအား I.B.T. C & Group of Co.,Ltd. မှ ကယ်ဆယ်ရေးပစ္စည်းများ သွားရောက်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာစမတ်(ခ်)စွန်ထော်ရဝဲ့တို့ ဆီဒိုးနားဟိုတယ် မင်းတုန်းခန်းမ၌ ရင်းနှီးခင်မင်စွာ တွေ့ဆုံကြစဉ်။ (သတင်းစဉ်)

များကို အနီးကပ် ကွပ်ကဲဆောင်ရွက်စေခဲ့ကြောင်း၊ အသက်ရှင် ကျန်ရှိနေသူများ ဆက်လက်အသက်ရှင်နေနိုင်ရမည်ဆိုသည့် ရည်ရွယ်ချက်ဖြင့် ကယ်ဆယ်ရေး၊ စောင့်ရှောက်ရေးလုပ်ငန်းများတို့ ထိထိရောက်ရောက် ဆောင်ရွက်ပေးခဲ့ကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများမှာ ယခုအခါ အားလုံးဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ဒုတိယအဆင့်ဖြစ်သည့် လေဘေးသင့်သူများအား ကူညီထောက်ပံ့သည့် လုပ်ငန်းကို လောလောဆယ်တွင် မိမိတို့ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

အလုံအလောက်

သဘာဝဘေးအန္တရာယ်ဖြစ်ပွားသည်နှင့် တစ်နိုင်ငံလုံးမှ ပြည်သူများနှင့် နိုင်ငံတကာမှ ပေးပို့လှူဒါန်းသည့် အစားအစာ၊ အဝတ်အထည်၊ ဆေးဝါးစသည်တို့မှာ အလုံအလောက်ရှိနေပြီဖြစ်ကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်ဝန်ကြီးချုပ်အား ထိုင်းနိုင်ငံဝန်ကြီးချုပ်က ဓမ္မလက်ဆောင်အဖြစ် ဗုဒ္ဓရုပ်ပွားတော်များကိုလည်း ပေးအပ်သည်။

တည်ခင်းဧည့်ခံ

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ဆီဒိုးနားဟိုတယ် ၁၁ ထပ်ရှိ Executive Club ၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

နေ့လယ်စာမသုံးဆောင်မီ ထိုင်းနိုင်ငံဝန်ကြီးချုပ်သည် ရန်ကုန်မြို့ ရှုခင်းကို ဆီဒိုးနားဟိုတယ် ၁၁ ထပ်မှနေ၍ ကြည့်ရှုသည်။

ယင်းနောက် နှစ်နိုင်ငံဝန်ကြီးချုပ်များနှင့် အဖွဲ့ဝင်များသည် နေ့လယ်စာကို အတူအကွ သုံးဆောင်ကြသည်။

ပေးအပ်လှူဒါန်း

နေ့လယ်စာ သုံးဆောင်အပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာစမတ်(ခ်)စွန်ထော်ရဝဲ့က မြန်မာနိုင်ငံလေဘေးအတွက် ထိုင်းနိုင်ငံအစိုးရနှင့် ပြည်သူများက လှူဒါန်းသည့် အမေရိကန်ဒေါ်လာ ငါးသိန်း၊ ဂြိုဟ်တုလက်ကိုင်ဖုန်း (Satellite Phone) အလုံး ၅၀ နှင့်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာစမတ်(ခ်)စွန်ထော်ရဝဲ့တို့ ဒဂုံမြို့သစ်(တောင်ပိုင်း) ၁၇ ရပ်ကွက်၌ ဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်းတွင် ကြည့်ရှုစစ်ဆေးကြစဉ်။ (သတင်းစဉ်)

■ *ရှေ့ဖုံးမှ*

နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြပြီး ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာစမတ်(ခ်)စွန်ထော်ရဝဲ့နှင့် အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E .Mr. Bansarn Bunnagနှင့် စစ်သံမှူး Col.Ekachai Hannpoonvittaya တို့ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ရှေးဦးစွာ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာစမတ်(ခ်)စွန်ထော်ရဝဲ့က ပဏာမပြောကြားရာ၌ အလုပ်တာဝန်များ များပြားနေသည့် ယခုကဲ့သို့သောအချိန်တွင် အဆွေတော်ဝန်ကြီးချုပ်အား လာရောက်တွေ့ဆုံရသဖြင့် အားနာမိပါကြောင်း။

မျှဝေခံစား

ဆိုင်ကလုန်းမုန်တိုင်း နာဂစ်ကြောင့် မြန်မာပြည်သူများ ဒုက္ခခံစားရမှုကို ထိုင်းနိုင်ငံမှ ပြည်သူများလည်း ထပ်တူ မျှဝေခံစားရပါကြောင်း။

မြန်မာနိုင်ငံ၌ လေမုန်တိုင်းတိုက်ခတ်သွားပြီးနောက် မိမိတို့ ထိုင်းနိုင်ငံအနေဖြင့် အကူအညီများပေးခဲ့ပါကြောင်း၊ ဆက်လက်၍လည်း အကူအညီပေးသွားလိုပါကြောင်း၊ ပစ္စည်းများပေးပို့ခြင်းကို နယ်စပ်မြို့ဖြစ်သည့် မြဝတီမှ တစ်ဆင့် ပေးပို့နိုင်ရန်လည်း စီစဉ်ထားပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ကျေးဇူးတင်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က ပြန်လည်ပြောကြားရာတွင် မြန်မာနိုင်ငံ၏အချို့ဒေသများ၌ လေမုန်တိုင်းကြောင့် သဘာဝဘေးအန္တရာယ် ကြုံတွေ့နေရချိန်တွင် အဆွေတော် ဝန်ကြီးချုပ်ကိုယ်တိုင် လာရောက်အားပေးခြင်းအတွက် ဝမ်းမြောက်ရပါကြောင်း၊ ကူညီလှူဒါန်းမှုများအတွက်လည်း များစွာ ကျေးဇူးတင်ရပါကြောင်း။

ထိုင်းနိုင်ငံအနေဖြင့် ယနေ့အထိ လေယာဉ်ခုနစ်ခေါက်ဖြင့် လှူဒါန်းသည့် ပစ္စည်းများကို ပေးပို့ခဲ့ကြောင်း၊ ယင်းပစ္စည်းများကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိပြီးသည်နှင့် သဘာဝဘေးအန္တရာယ်ကျရောက်သည့် ဒေသများသို့ မိမိတို့ ချက်ချင်းရောက်ရှိအောင် စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း။

လက်ခံရရှိ

ထိုင်းနိုင်ငံမှ ပေးပို့လှူဒါန်းသည့် ပစ္စည်းများတွင် ထိုင်းဘုရင်မင်းမြတ်ကိုယ်တိုင် ပေးလှူသည့်ပစ္စည်းများလည်း ပါရှိသည်ကို တွေ့ရကြောင်း၊ မင်းသမီးသီရိဒ္ဓုံ လှူဒါန်းသည့် ပစ္စည်းများလည်း ပါရှိကြောင်း၊ ထိုင်းနိုင်ငံအစိုးရအဖွဲ့နှင့် ပြည်သူများ လှူဒါန်းသည့် ပစ္စည်းများကိုလည်း လက်ခံရရှိခဲ့ကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာစမတ်(ခ်)စွန်ထော်ရဝဲ့တို့ ဒဂုံမြို့သစ်(တောင်ပိုင်း) ၁၇ ရပ်ကွက်၌ ဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်းတွင် ကယ်ဆယ်ရေးပစ္စည်းများကို ကြည့်ရှုစစ်ဆေးကြစဉ်။ (သတင်းစဉ်)

ယခုကဲ့သို့လှူဒါန်းခြင်းများအတွက် ထိုင်းနိုင်ငံဘုရင်မင်းမြတ်နှင့် မိသားစုများအား လည်းကောင်း၊ ထိုင်းနိုင်ငံအစိုးရအဖွဲ့အား လည်းကောင်း၊ ထိုင်းနိုင်ငံပြည်သူ ပြည်သားများအား လည်းကောင်း မိမိတို့နိုင်ငံတော်အစိုးရနှင့် ပြည်သူများက ကျေးဇူးတင်လျက်ရှိပါကြောင်းကို ပြောကြားလိုကြောင်း။

အပျက်အစီးများပြား

မေ ၂ ရက်နှင့် ၃ ရက်တို့တွင် တိုက်ခတ်ခဲ့သည့် အလွန်ပြင်းထန်သောမုန်တိုင်းမျိုးကို မိမိတို့ မကြုံတွေ့ခဲ့ဖူးကြောင်း၊ မုန်တိုင်းဒဏ်ကြောင့် ယနေ့အထိ လူသုံးသောင်းကျော် သေဆုံးပြီး ၂၀၀၀၀ ကျော် ပျောက်ဆုံးလျက်ရှိကြောင်း၊ အထိအခိုက် အပျက်အစီးများပြားခဲ့သည့် မုန်တိုင်းဖြစ်ကြောင်း။

သဘာဝဘေးဒဏ်ကျရောက်ပြီးနောက် မေ ၃ ရက်တွင် မိမိဦးဆောင်သည့် အစိုးရအဖွဲ့သည် ရန်ကုန်မြို့သို့ ချက်ချင်းပြောင်းရွှေ့လာပြီး ဝန်ကြီးများကိုလည်း လေဘေးဒဏ်ခံ ပြည်သူများသို့ အမြန်ဆုံးစေလွှတ်ပြီး ကယ်ဆယ်ရေးလုပ်ငန်း

ဘတ်ငွေ နှစ်သန်းတန်ဖိုးရှိ ဖုန်းပြောခွင့်ကတ်များကို လည်းကောင်း၊ ထိုင်းနိုင်ငံရှိ ဗုဒ္ဓအဖွဲ့အစည်းတစ်ခုက လှူဒါန်းသည့် အမေရိကန်ဒေါ်လာ ၈၂၇၂၈ ဒေါ်လာကို လည်းကောင်း ပေးအပ်လှူဒါန်းသည်။

ထို့နောက် နှစ်နိုင်ငံဝန်ကြီးချုပ်တို့သည် အပြန်အလှန် ကျေးဇူးတင်စကားများ ထပ်မံပြောကြားကြသည်။

အမျိုးသား သဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပုသိမ်တက္ကသိုလ် သီဟဆောင်၌ ဖွင့်လှစ်ထားရှိသည့် လေဘေး၊ ရေဘေး ကယ်ဆယ်ရေးစခန်း၌ လေဘေး၊ ရေဘေးသင့်သူများအား မေးမြန်းနှုတ်ဆက် အားပေးစဉ်။ (သတင်းစဉ်)

စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင် ကိုးသိန်းအားကစားရုံရှိ ကယ်ဆယ်ရေးစခန်း၌ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကပေးပို့လှူဒါန်းထားသည့် ပစ္စည်းများကို ပြည်သူများအား လက်ရောက်ပေးအပ်စဉ်။ (သတင်းစဉ်)

● *ကျောဖုံးမှ*

ထိုမှတစ်ဆင့် ကိုးသိန်းအားကစားရုံရှိ ကယ်ဆယ်ရေးစခန်းသို့ရောက်ရှိကြရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ပေးပို့လှူဒါန်းထားသည့် ငွေကျပ်သိန်း ၂၀ တန်ဖိုးရှိ ပစ္စည်းများကို နိုင်ငံတော်ဝန်ကြီးချုပ်ထံ ဧရာဝတီတိုင်းအမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းမော်က ပေးအပ်လှူဒါန်းသည်။

လက်ရောက်ပေးအပ်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်နှင့် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေတို့သည် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က လှူဒါန်းထားသည့်ပစ္စည်းများကို ကိုးသိန်းကယ်ဆယ်ရေးစခန်းရှိ ပြည်သူများအား လက်ရောက်ပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် လပွတ္တာနှင့် ငပုတောမြို့နယ်အတွင်းရှိ ဒေသများမှ ရောက်ရှိနေသည့် လေဘေး၊ ရေဘေးသင့်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် နံနက် ၁၀ နာရီတွင် ပုသိမ်မြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ကြပြီး လေဘေး၊ ရေဘေးသင့်သူများအား အနယ်နယ်အရပ်ရပ်မှ ပေးပို့လှူဒါန်းထားသည့် ပစ္စည်းများကိုပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ လေမုန်တိုင်းကျစဉ် ပြင်းထန်သည့်လေမိုးစက်များကြောင့် ကျောတွင်ဒဏ်ရာများရရှိပြီး ကယ်ဆယ်ရေးစခန်း၌ ဆေးကုသမှုခံယူခဲ့ရာ ဒဏ်ရာများပျောက်ကင်းသက်သာသွားသူ၏ အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

လပွတ္တာမြို့နယ်နှင့် ငပုတောမြို့နယ်အတွင်းရှိ ဒေသအသီးသီးမှ လေဘေး၊ ရေဘေးသင့်သူများအား ပုသိမ်မြို့၌ ပုသိမ်တက္ကသိုလ်၊ ကိုးသိန်းအားကစားရုံ၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းတို့၌ သုံးနေရာခွဲ၍ စနစ်တကျနေရာချထားပေးကာ လိုအပ်သည့် နေထိုင်စားသောက်ရေး၊ ကျန်းမာရေးကိစ္စများကို ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိသည်။

ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁ နာရီတွင် တပ်မတော်ရဟတ်ယာဉ်ဖြင့် ပုသိမ်မြို့မှ လပွတ္တာမြို့သို့ ရောက်ရှိကြပြီး နေအိမ်များ၊ ရုံးအဆောက်အအုံများကို သွပ်၊ သက်ငယ်၊ မိုးရေကာဖျင်တို့ဖြင့် ပြန်လည်မိုးကာနေမှုများကိုလည်းကောင်း၊ ကုမ္ပဏီအဖွဲ့အစည်းများက လပွတ္တာမြို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်နေမှုများကို လည်းကောင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက လပွတ္တာမြို့နယ်အတွင်း ဆက်သွယ်မှုပြတ်တောက်ခဲ့သော ကျေးရွာများသို့သွားရောက်ခဲ့မှု၊ ပျက်စီးဆုံးရှုံးမှုနှင့် သဘာဝဘေးဒဏ်ခံရသူများအတွက် စားရေး၊ နေရေးနှင့် ထောက်ပံ့ရေးပစ္စည်းများပေးအပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ၊ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်နှင့် ဝန်ကြီးများက လပွတ္တာမြို့နယ်အတွင်းရှိ မုန်တိုင်းဒဏ်ခံဒေသများ၏ အခြေအနေများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများအားမှာကြားပြီး သဘာဝဘေးဒဏ်ခံရသူများအား ကယ်ဆယ်ရေးနှင့် စောင့်ရှောက်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်၍ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ဖြည့်စွက်တင်ပြ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ညနေ ၃ နာရီတွင် မြောင်းမြမြို့သို့ ရောက်ရှိကြရာ မြောင်းမြဂုန်နီစက်ရုံခန်းမ၌ မြောင်းမြခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးဟန်က လပွတ္တာမြို့နယ်မှ လေဘေးသင့်ပြည်သူများအတွက် မြောင်းမြခရိုင်နှင့်မြို့နယ်မှ ဌာနဆိုင်ရာများ၊ ပြည်သူများက ကူညီဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက ဖြည့်စွက်တင်ပြသည်။

မှာကြား

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ လေဘေးသင့်ပြည်သူများ ကျန်းမာရေးနှင့်အညီ နေထိုင်စားသောက်နိုင်ရေးကို အမြဲမပြတ် ကြည့်ရှုဆောင်ရွက်ပေးရေး၊ ယင်းတို့၏ လိုအပ်ချက်များကို ကိုယ်ချင်းစာစိတ်ဖြင့် စေတနာထားကာ ဆောင်ရွက်ပေးရေးတို့ကို မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်ရဟတ်ယာဉ်ဖြင့် ပုသိမ်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ပိုမိုသဘောပေါက်

ထိုင်းနိုင်ငံဝန်ကြီးချုပ်ကလည်း တစ်ဆင့်သတင်းစကားများထက်ကိုယ်တိုင်မျက်မြင်ထိတွေ့ သိရှိခွင့်ရသည့်အတွက် မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်ချက်များကို မိမိတို့ပို၍ သဘောပေါက်နားလည်ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့သည် အဖွဲ့ဝင်များနှင့်အတူ မော်တော်ယာဉ်များဖြင့် ရန်ကင်းမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တို့ကိုဖြတ်သန်း၍ မော်တော်ယာဉ်များ ချောမွေ့စွာ သွားလာနိုင်နေမှု၊ သစ်ပင်ကြီးများ၊ သစ်ပင်ငယ်များ ဖယ်ရှား ရှင်းလင်းပြီးစီးမှုနှင့် နေအိမ်များ ပြန်လည်ပြုပြင်တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုကြသည်။

ကြိုဆို

ယင်းနောက် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၁၇)ရပ်ကွက်၌ ဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်းသို့ရောက်ရှိရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား တာဝန်ရှိသူများက ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၁၇)ရပ်ကွက်၌ နိုင်ငံတကာမှ လှူဒါန်းထားသော ရွက်ဖျင်တဲများထိုး၍ ကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားရှိမှု၊ ရေသန့်ရရှိရေး စီစဉ်ဆောင်ရွက်ထားမှုများကို ရှင်းလင်းပြသကြသည်။

ရှင်းလင်းပြသ

ဆက်လက်၍ လေဘေးသင့်ပြည်သူများ၏ လိုအပ်ချက်များကို အမြန်ဆုံးဖြည့်ဆည်းပေးနိုင်ရေးအတွက် ကယ်ဆယ်ရေးစခန်းရှိ ရွက်ဖျင်တဲများ၌ပင် အုပ်ချုပ်ရေးရုံးနှင့်ကွပ်ကဲရေးရုံးများ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းပြသကြသည်။

ပေးပို့လှူဒါန်း

ထို့နောက် ထိုင်းနိုင်ငံအပါအဝင် မြန်မာနိုင်ငံတစ်ဝန်းလုံးနှင့် နိုင်ငံတကာမှ ပေးပို့လှူဒါန်းထားသည့် ပစ္စည်းများကို ရှင်းလင်းပြသကြသည်။

ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော် ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ပွဲကျင်းပမည်

ရန်ကုန် မေ ၁၄

ရန်ကုန်မြို့ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်မြတ်ကြီး၌ ၁၃၇၀ ပြည့်နှစ် ကဆုန်လပြည့်(ဗုဒ္ဓနေ့) မေ ၁၉ ရက်တွင် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး ဖွင့်ပွဲအခမ်းအနားကို ယင်းနေ့နံနက်ပိုင်းတွင် ကျင်းပ၍ စေတီတော်ရင်ပြင်တောင်ဘက် မဟာဗောဓိမဂ္ဂင်မြိုင်ရှိ ဗောဓိပင်၌ ဘုရားဖူးလာဗုဒ္ဓဘာသာဝင်အပေါင်းတို့အား တစ်နေကုန် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်နိုင်ရန် အမွှေးနံ့သာ၊ အောင်သပြေ၊ တာအိုးများ၊ အမွှေးတိုင်နှင့် ဖယောင်းတိုင်များ စီစဉ်ထားရှိကြောင်း သိရသည်။ **(က-ပ)**

ယင်းနောက် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာစမတ်(ခ်)စွန်ထော်ရဝဲ့သည် ကျန်းမာရေးဆေးခန်း၌ လာရောက်ကုသပေးနေသည့် ဆရာဝန်ထံ ၄င်း၏ ကျန်းမာရေးကို စစ်ဆေးပြသ မေးမြန်းသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့သည် လှူဒါန်းထားသည့်ဆေးဝါးများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ထိုင်းနိုင်ငံဝန်ကြီးချုပ်သည် ကယ်ဆယ်ရေးတဲ၌ ပြသနေသည့် ဗီဒီယိုရုံကို ဝင်ရောက်ကြည့်ရှု၍ ကလေးငယ်များအား နှုတ်ဆက်သည်။

ကယ်ဆယ်ရေးပစ္စည်းများကြည့်ရှု

ယင်းနောက် ထိုင်းနိုင်ငံဝန်ကြီးချုပ်သည် ကယ်ဆယ်ရေးစခန်းရှိ လေဘေးသင့် မိသားစုများအား လိုက်လံမေးမြန်းပြီး နေထိုင်မှု၊ ကယ်ဆယ်ရေးပစ္စည်းများ ရရှိမှုတို့ကို ကြည့်ရှုသည်။

ထို့နောက် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာစမတ်(ခ်)စွန်ထော်ရဝဲ့သည် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာရန် ညနေ ၄နာရီ မိနစ်၂၀ တွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

လေဘေးသင့် ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်လှူဒါန်း

ရန်ကုန် မေ ၁၄

မုန်တိုင်းဒဏ်ကြောင့် လေဘေးနှင့်ရေဘေးကြုံတွေ့ခဲ့ရသော ပြည်သူများအတွက် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လုံချည်အထည် ၁၀၅၅၀၊ စောင်အထည် ၂၀၁၇၀၊ ဆန် ၁၀၄ အိတ်၊ ဆီနှစ်ပီပါနှင့် ဆီ ၁၀ ပိဿာပုံး ၁၇ ပုံး၊ ဆေး(Water Guard)၂၄၉ဖာ၊ ဓာတ်ဆား၁၅ဖာ၊ ရုပ်ပျိုတိုင်းရင်းဆေး ၁၄ဖာ၊ ရေသန့်ဘူး ၄၀၀၊ မားမားခေါက်ဆွဲခြောက်သုံးဖာ၊ ဖယောင်းတိုင် တစ်သေတ္တာ၊ ကိုယ်တိုက်ဆပ်ပြာ မွှေးငါးဖာ၊ ကျား/မအဝတ်အထည် မျိုးစုံ၂၇၂၈ထည်၊ ပန်းကန်(အလုံး) ၁၂ လုံး၊ ပန်းကန်(အပြား)လေးချပ်၊ ဆန်အိတ် ၅၅၀၊ ထွန်စက်နှစ်စီး၊ ဆပ်ပြာ သေတ္တာ ၉၀၊ သကြား ၃၈၅ တန်၊ ဒန်အိုး ၅၂လုံးနှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ ငွေကျပ် သိန်း၁၀၀တန်ဖိုးရှိဖိနပ်များ စုစုပေါင်း ငွေကျပ် ၁၁၀၃၈၈၈၆၀ တန်ဖိုးရှိ ပစ္စည်းများကို သဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီသို့ ပေးအပ်လှူဒါန်းထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လေဘေးသင့် ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းနိုင်

ရန်ကုန် မေ ၁၄

မုန်တိုင်းဒဏ်ခံခဲ့ရသော ပြည်သူများအတွက် ပြည်တွင်းပြည်ပမှ အလှူရှင်များအနေဖြင့် အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းလိုပါက ရန်ကုန်မြို့ ရန်ကင်းမြို့နယ် စက်မှုလမ်း အမှတ်(၂၆/က)ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော် ဗဟိုဘဏ်ရုံးခန်းရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ ဖုန်း-၀၉-၈၆-၀၀၁၀၉ နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ဝင်း ဖုန်း-၀၉-၈၆-၀၀၁၀၂၊ ညွှန်ကြားရေးမှူး ဦးမောင်မောင် ဖုန်း-၀၁-၅၄၃၇၅၇၊ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဝင်းတင် ဖုန်း-၀၁-၅၄၃၇၆၅ တို့သို့ တိုက်ရိုက်ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍ လည်းကောင်း လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

15-5 (09).pmd 1 5/15/2008, 2:18 AM

လဲကျရာမှ ရန်းကာထ၍ ဖြဖြညီညီ ပြန်လည်တည်ဆောက်ကြပါစို့

မေလ ၂ရက်နဲ့ ၃ရက်နေ့က မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ဒေသနဲ့ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်ဒေသတွေမှာ တိုက်ခတ်သွားခဲ့တဲ့ ဆိုင်ကလုန်းမုန်တိုင်းကြီးကတော့ တစ်သက်မှာတစ်ခါလို့ ဆိုရလောက်အောင် အဆိုးရွား၊ အပြင်းထန်ဆုံး မုန်တိုင်းတစ်ခုပါပဲ။ ပြောရရင် မြန်မာ့သမိုင်းတစ်လျှောက်လုံးမှာလည်း ပျက်စီးဆုံးရှုံးမှု အများဆုံး မုန်တိုင်းတစ်ခု ဖြစ်လိမ့်မယ်ထင်ပါတယ်။

မှတ်မှတ်ရရ မေလ ၃ရက်နေ့ မနက်စောစော ၅နာရီလောက်ကစပြီး မုန်တိုင်းဗဟိုချက်က ရန်ကုန်မြို့ပေါ် ရောက်လာတဲ့အခါ တစ်ညလုံးတိုက်ခဲ့တဲ့ လေတွေကြမ်းလှပြီထင်ခဲ့တာ ကလေး ကစားသလောက် ဖြစ်သွားလောက်အောင် အစွမ်းကုန်ကြဲတာ ခံရတော့တာပါပဲ။ လေလုံးကြီးတွေက တစ်သုတ်ပြီး တစ်သုတ် အုန်းခနဲ၊ အုန်းခနဲဝင်လာလိုက်တာ သစ်ပင်တွေလည်း အမြစ်ကကျွတ်ထွက်၊ လဲကျ၊ သစ်ကိုင်းတွေပြုတ်ကျ၊ ကျိုးကျ၊ ခေါင်မိုးသွပ်ပြားတွေက စက္ကူစတွေလွင့်ပျံထွက်သလို လေထဲမှာလွင့်နဲ့ ပတ်ဝန်းကျင်တစ်ခုလုံးလည်း မှုန်မှိုင်းပြီး ကိုက်တစ်ရာ ဟိုဘက်ကို ဘာမှ မမြင်ရတော့ပါဘူး။

နေ့လယ်ပိုင်းရောက်လို့ မုန်တိုင်းစဲသွားတော့ ရန်ကုန်တစ်မြို့လုံးမှာ သစ်ပင်ကြီးရှိသမျှ အရိုးပြိုင်းပြိုင်းနဲ့ ခေါင်းတုံးပြောင်တွေဖြစ်သွားပြီး နေရာတိုင်းမှာ လဲကျနေတဲ့ သစ်ပင်တွေ၊ ကျိုးကျနေတဲ့ သစ်ကိုင်းတွေ၊ အမိုးလန်ပွင့်သွားတဲ့ အဆောက်အအုံတွေနဲ့ ဗုံးဒဏ်ခံထားရတဲ့ မြင်ကွင်းလိုမျိုး ဖြစ်နေပါတယ်။ လမ်းပေါ်မှာ ကားတွေသွားဖို့ မပြောနဲ့၊ အိမ်ထဲကနေ ခြံတံခါးဝ ရောက်အောင်တောင် သွားလို့မရအောင် သစ်ပင်တွေလဲကျနေလို့ ခြံပြင်ထွက်ဖို့ သစ်ကိုင်းတွေကြားက မနည်းတိုးထွက်ခဲ့ရပါတယ်။ ရန်ကုန်တစ်မြို့လုံး ကားသံလည်း မကြားရ၊ လူသံတွေလည်း တိတ်ဆိတ်လို့ လူမနေတဲ့ မြို့ကြီးလားလို့တောင် အောက်မေ့ရပါတယ်။

အဲဒီနောက်တော့ ရေအသင့်၊ မီးအသင့်၊ ဘာမဆိုအသင့်နဲ့ အခံ့သားနေခဲ့ကြတဲ့ ကျွန်တော်တို့တစ်တွေရဲ့ ဒုက္ခစတော့တာပါပဲ။ အထပ်မြင့်တိုက်တွေမှာနေကြတဲ့ ကျွန်တော်တို့တစ်တွေ မီးမရတော့ဘဲ မော်တာမလည်နိုင်၊ မီးလာတောင်မှ ရေမလာလို့ ရေမတင်နိုင်၊ အိမ်သာရေလောင်းဖို့ကအစ အခက်တွေ့တော့တာပါ။ ရေမရတဲ့ဒုက္ခ၊ မီးမရှိတဲ့ဒုက္ခ၊ သွားလာလို့မရဘဲ လမ်းတွေပိတ်နေတဲ့ဒုက္ခ၊ မီးမရလို့ ဓာတ်ဆီဆိုင်တွေ မလည်နိုင်တဲ့ဒုက္ခ၊ ဆီသယ်ကားတွေ မဝင်နိုင်လို့ ခွဲတမ်းဓာတ်ဆီနှစ်ဂါလန်ရဖို့ ကားတွေ လေးနာရီလောက် တန်းစီရတဲ့ဒုက္ခ၊ သောက်ရေသန့်၊ မီးသွေး၊ ဆန်နဲ့ ကြက်ဥ၊ ဘဲဥကအစ စားသောက်ကုန်တွေ ဈေးထိုးတက်သွားတဲ့ ဒုက္ခ၊ ဘတ်စ်ကားကြီးတွေ မပြေးနိုင်ခင် ကြားကားတွေ တစ်ခါစီး ငါးရာနဲ့ မစီးမဖြစ် စီးရတဲ့ ဒုက္ခ စတဲ့ ပြောမဆုံးပေါင်တောသုံးတောင် ဒုက္ခတွေနဲ့ ကြုံကြရပါတော့တယ်။

ဒီလောက်အထိ ဆိုးဆိုးရွားရွားဖြစ်သွားတဲ့ အခြေအနေဟာ တစ်လလောက်နဲ့မှ ပြန်ကောင်းနိုင်ပါ့မလားလို့ တွေးမိပါတယ်။ အဲဒီလိုတွေးလည်း တွေးချင်စရာပါ။ ပြည်သူ့ဥယျာဉ်ဘေးကလမ်းနဲ့ ရှင်စောပုလမ်းတွေမှာဆို သက်တမ်းနှစ် ရာနဲ့ချီပြီးရှိလောက်တဲ့ သစ်ပင်ကြီးတွေ လမ်းပေါ်မှာပိတ်ပြီး လဲကျနေတာ လုံးပတ်က ပုဆိုးနှစ်ပတ်စာ သုံးပတ်စာမကဘူး။ သစ်ပင်ကြီးအောက်မှာ ပိနေတဲ့ ပစ်ကပ်ကားလေးတစ်စီးဆိုရင် နွားချေးပုံးထိုးကောင် ဆင်နင်းခံထားရသလို စိစိညက်ညက်ကြေပြီး တွန့်လိမ်ပြားကပ်နေတာတွေ့ရပါတယ်။ ဓာတ်တိုင်တွေလည်း လဲတဲ့တိုင်က လဲ၊ မလဲတဲ့တိုင်က ယိုင်နဲ့ကွေးကောက်ပြီး ဓာတ်ကြိုးတွေလည်း မြေပေါ်မှာ အပိုင်းပိုင်းအပြတ်ပြတ်ခွေကျနေကြတာပါ။

ဒါပေမယ့် အံ့သြစရာပါပဲ။ **မုန်တိုင်းတိုက်ပြီး လေးရက်အတွင်းမှာ ဂျိုးဖြူရေ စပြီးပေးနိုင်သလို ဓာတ်ဆီဆိုင်တွေကလည်း ပုံမှန်ဆီပေးနေနိုင်ပါပြီ။ ကျိုးကျနေတဲ့ သစ်ပင်ကြီးတွေအောက်က လိပ်လိုတိုးပြီး ကားတွေမောင်းနေရတဲ့ လမ်းတွေကလည်း ငါးရက်အတွင်းမှာ ရှင်းလင်းသွားကြပါပြီ။ ဒါတွေဟာ ပြည်သူတွေနဲ့ ဌာနဆိုင်ရာ ဝန်ထမ်းတွေ၊ NGO အဖွဲ့အစည်းတွေ၊ တပ်မတော်သားတွေ တက်ညီလက်ညီနဲ့ အင်တိုက်အားတိုက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခဲ့ကြတဲ့ ရလဒ်ပါပဲ။ ကိုယ်တွေ့မျက်မြင်ပြောရရင် မနက်မိုးမလင်းခင်ကတည်းက အမှိုက်တင်ကားကြီးတွေ၊ မြေကော်ကားကြီးတွေ၊ တပ်မတော်သားရဲဘော်တွေဟာ သစ်ကိုင်းပုံကြီးတွေရှိတဲ့ နေရာတွေမှာ ရောက်လာကြပြီး ရှင်းလင်းလိုက်ကြတာ ညနေမိုးစုပ်စုပ်ချုပ်တာတောင် မပြန်ကြရသေးတာတွေ့ရပါတယ်။ ဒီလောက်လုပ်ကြလို့လည်း ဒီလောက်မြန်မြန် ရှင်းသွားတာပါ။**

လျှပ်စစ်ဌာနက ဝန်ထမ်းတွေ၊ ဆက်သွယ်ရေးဌာနက ဝန်ထမ်းတွေလည်း လဲကျနေတဲ့ ဓာတ်တိုင်တွေ၊ ပြုတ်ကျနေတဲ့ ကြေးနန်းကြိုးတွေကို စစ်ဆေးပြင်ဆင်ရင်း ပျားပန်းခပ်သလို အလုပ်ရှုပ်နေတာ တွေ့ရပါတယ်။ တယ်လီဖုန်းအဆက်အသွယ်နဲ့ လျှပ်စစ်မီးတွေလည်း တဖြည်းဖြည်းပြန်ရလာလို့ အသိအကျွမ်းတွေ၊ ဆွေမျိုးမိတ်သင်္ဂဟတွေဆီ ဖုန်းဆက်ရင်း လေဘေးသတင်း မေးနိုင်လာကြပါပြီ။

ရန်ကုန်မြို့မှာ မြို့နယ်၄၀လောက် မုန်တိုင်းဒဏ်ခံရတယ်ဆိုပေမယ့် ရန်ကုန်မှာ ကြုံတွေ့ရတဲ့ဒုက္ခတွေက မြစ်ဝကျွန်းပေါ်က မြို့နယ်တွေ ကြုံရတဲ့ ဒုက္ခနဲ့ယှဉ်ရင် အများကြီးလျော့ပါတယ်။ မြစ်ဝကျွန်းပေါ်က လေဒဏ်တင် မကဘဲ နှစ်မီတာ၊ သုံးမီတာလောက် မြင့်တက်လာတဲ့ မုန်တိုင်းဒီရေကိုပါ ခံရတဲ့အပြင် အိမ်အများစုလည်း ဓနိမိုး၊ ထရံကာ၊ သစ်သားအိမ်တွေပဲ များတော့ မုန်တိုင်းဒဏ်ကို ကျုံးရုန်းပြီးခံကြရတော့တာပါ။ ဒါကြောင့်လည်း လေဘေးဒဏ်သင့်လို့ အသက်ဆုံးရှုံး ပျောက်ဆုံးရတဲ့ ပမာဏကို ကြည့်မယ်ဆိုရင် ဧရာဝတီတိုင်းဘက်က မြို့နယ်တွေမှာ သောင်းနဲ့ချီရှိပြီး ရန်ကုန်တိုင်းမှာက ဆယ်ဂဏန်းပဲရှိနေတာပါ။

မြစ်ဝကျွန်းပေါ်က ရေဘေး၊ လေဘေးသင့်ဒေသတွေမှာ သာမန်သောက်သုံးရေ၊ လျှပ်စစ်မီးအခက်အခဲလောက်တင်မကဘဲ အသက်ရှင်သန်နေထိုင်ဖို့ စားဝတ်နေရေးကိစ္စအားလုံးမှာ ဒုက္ခကြီးတွေ တွေ့ခဲ့ကြတာပါ။ ဒါ့အပြင် မိသားစုတွေ ဆုံးရှုံးရတဲ့သူတွေအတွက်လည်း ကလေးငယ်တွေ မိဘမဲ့ဖြစ်ရ၊ သက်ကြီးရွယ်အိုတွေ စောင့်ရှောက်မယ့် သားသမီးတွေ ဆုံးပါး၊ အားကိုးအားထားစရာ လင်သားမရှိတော့တဲ့ မုဆိုးမ မိသားစုတွေ စသည်ဖြင့် ရေရှည်လူမှုဒုက္ခတွေ အများကြီးနဲ့ ယူကျုံးမရဖြစ်နေကြရတာပါ။

တကယ်တော့ ဒီလောက်ကြီး ပျက်စီးဆုံးရှုံးမှုကြီးမားခဲ့ရတာဟာ တစ်သက်မှာ တစ်ခါမျှ ဒီလောက်မုန်တိုင်းကြီးကြီးမားမား မကြုံဖူးခဲ့ကြတော့ ဒီလောက်ဖြစ်လိမ့်မယ်လည်း မထင်ကြဘဲ ကြိုတင်ပြင်ဆင်မှုအပိုင်းမှာ လူတိုင်းလိုလို အားနည်းခဲ့ကြတာကြောင့် ဖြစ်ပါတယ်။ မိုးလေဝသသတင်းတွေကတော့ အချိန်နဲ့အမျှပြောနေ၊ သတိပေးနေတာပါပဲ။ ဒါပေမယ့် မုန်တိုင်းလာရင် ဘာတွေလုပ်ကိုင်ပြင်ဆင်ထားရမယ်ဆိုတဲ့ အတွေ့အကြုံ ဗဟုသုတကလည်း နည်းကြတာကြောင့် ဖြစ်ပါတယ်။ တကယ်ခံရပြီဆိုတော့မှ ကောင်းကောင်းကြီး သင်ခန်းစာရသွားတာပါပဲ။

ဘာပဲဖြစ်ဖြစ် မုန်တိုင်းဆိုတာကတော့ သဘာဝဘေးဖြစ်တာနဲ့အညီ သူ့သဘော သူဆောင်ပြီး သူ့ဦးတည်ရာကို တိုက်သွားတာပါ။ ရှောင်လွှဲလို့လည်း ရတာမဟုတ်ပါဘူး။ အကောင်းဆုံးလုပ်နိုင်တာက ဒီမုန်တိုင်းကို သင်ခန်းစာယူပြီး နောင်ကိုသဘာဝဘေးအန္တရာယ်နဲ့ ကြုံရတဲ့အခါ အဆုံးအရှုံးနည်းနိုင်သမျှနည်းအောင် ဘယ်လိုပြင်ဆင် စီမံဆောင်ရွက်သွားမလဲဆိုတာပါပဲ။

ကမ္ဘာမှာလည်း ဒီလိုပါပဲ၊ သဘာဝဘေးအန္တရာယ်နဲ့ ကြီးကြီးမားမား ခံရပြီးတဲ့နောက်ပိုင်းမှာ ဒါကို သင်ခန်းစာယူပြီး သုံးသပ်ပြင်ဆင်ကြရတာပါပဲ။ ဥပမာ-၁၉၉၁ခုနှစ်မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ မာရီယန်ဆိုတဲ့ ဆိုင်ကလုန်းမုန်တိုင်းကြီးတိုက်ခဲ့တုန်းက လေတိုက်နှုန်း တစ်နာရီမိုင် ၁၄၀ နဲ့ မုန်တိုင်းဒီရေအမြင့်က ရှစ်မီတာအထိရှိခဲ့လို့ လူပေါင်းတစ်သိန်းလေးသောင်း သေဆုံးခဲ့ပါတယ်။ လူလေးသန်းလောက်အိုးမဲ့အိမ်မဲ့ဖြစ်သွားခဲ့ရပါတယ်။ အဲ့ဒါကို သင်ခန်းစာယူပြီး အစိုးရနဲ့လူထုပူးပေါင်းပြင်ဆင်ခဲ့ကြတာ

လှိုင်အောင်

၂၀၀၇ခုနှစ် နိုဝင်ဘာလမှာ နောက်တစ်ခါ အင်အားကြီးတဲ့ ဆီဒါဆိုတဲ့ ဆိုင်ကလုန်းမုန်တိုင်းတိုက်ခံရတဲ့အခါ လူနှစ်သန်းလောက်က ကြိုတင်ဆောက်လုပ်ထားတဲ့ ဘေးလွတ်ရာလေဘေးစခန်းတွေမှာ ကြိုတင်ပြီး ရှောင်တိမ်းပုန်းခိုနိုင်တာမို့ လူ ၃၀၀၀ကျော်လောက်ပဲ သေဆုံးပြီး ၃၀၀၀ လောက်ပဲ ဒဏ်ရာရခဲ့ပါတယ်။

၂၀၀၄ခုနှစ် နိုဝင်ဘာလက အိန္ဒိယသမုဒ္ဒရာမှာ အင်ဒိုနီးရှားကို အခြေခံပြီးလှုပ်ခဲ့တဲ့ ရစ်ချ်တာစကေး ၉ဒသမ၃ရှိတဲ့ ငလျင်ကြောင့်ဖြစ်ခဲ့ရတဲ့ ဆူနာမီရေဘေးတုန်းကလည်း ဒီလိုပါပဲ။ တစ်ခါမှမကြုံဖူးတဲ့ ရေလှိုင်းအမြင့်ကြီးတွေကြောင့် အိန္ဒိယသမုဒ္ဒရာကမ်းခြေပတ်လည်နိုင်ငံတွေမှာ လူသုံးသိန်းနီးပါးသေဆုံးပြီး ၁၄၀၀၀လောက် ပျောက်ဆုံးခဲ့ရတာ ဖြစ်ပါတယ်။ မမျှော်လင့်ဘဲဒီဘေးဒဏ်ကြီးကို ခံလိုက်ရပြီးမှ နိုင်ငံတကာ ပူးပေါင်းပြီး ဆူနာမီသတိပေးစနစ်တွေစပြီး ထူထောင်ကြရတာဖြစ်ပါတယ်။

အခုမုန်တိုင်းဒဏ်မှာလည်း မြန်မာနိုင်ငံက နိုင်ငံတော်အစိုးရနဲ့ တာဝန်ရှိတဲ့အာဏာပိုင်အဖွဲ့အစည်းတွေ၊ ပြည်သူလူထုတွေနဲ့ NGO အဖွဲ့အစည်းတွေအားလုံးက မုန်တိုင်းပြီးတာနဲ့ချက်ချင်းပဲ တုံ့ပြန်ဆောင်ရွက်ခဲ့ကြတာမို့ ကယ်ဆယ်ရေးနဲ့ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေဟာ ဒီလောက်အရှိန်အဟုန်ကောင်းကောင်းနဲ့ မြန်မြန်ဆန်ဆန်အောင်မြင်ခဲ့တာဖြစ်ပါတယ်။

ရန်ကုန်မှာ မုန်တိုင်းမွှေလို့ကောင်းနေတုန်း မေလ ၃ရက်နေ မနက်ရနာရီခွဲမှာပဲ နေပြည်တော်မှာ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ဦးဆောင်တဲ့အဖွဲ့က ချက်ချင်းအစည်းအဝေးခေါ်ပြီး လိုအပ်တာတွေ ပြင်ဆင်ညှိနှိုင်းကာ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် အချိန်မဆိုင်းဘဲ ရန်ကုန်ကို ချက်ချင်းဆင်းလာပြီး ကွပ်ကဲခဲ့တာဖြစ်ပါတယ်။ ဝန်ကြီး၊ ဒုတိယဝန်ကြီးတွေနဲ့ တိုင်းမှူးတွေပါဝင်တဲ့ သက်ဆိုင်ရာ တိုင်းနယ်မြေအလိုက် တာဝန်ခံအဖွဲ့တွေဟာလည်း အသီးသီး တာဝန်ခွဲဝေပြီး ကျရာဒေသမှာ ကယ်ဆယ်ရေးလုပ်ငန်းတွေကို အမြန်ဆုံးစတင်လုပ်ဆောင်နိုင်ခဲ့ပါတယ်။ ငွေကြေးအားဖြင့်လည်း ကျပ်သန်း ၅၀၀၀ကို ပထမအဆင့်အဖြစ် နိုင်ငံတော်က စတင်ကျခံသုံးစွဲဖို့ သတ်မှတ်ခဲ့ကြောင်း သိရပါတယ်။

တပ်မတော် (ကြည်း၊ ရေ၊ လေ)က တပ်မတော်သားအားလုံးကလည်း သဘာဝဘေးဒုက္ခခံစားခဲ့ရတဲ့ မိဘပြည်သူတွေအတွက် နေ့မအား၊ ညမနား ပါဝင်ကူညီ လုပ်အားပေးပြီး ကယ်ဆယ်စောင့်ရှောက်ရေး လုပ်ငန်းတွေ လုပ်ဆောင်ပေးခဲ့တာတွေ့ရပါတယ်။ တပ်မတော်(လေ)က ရဟတ်ယာဉ်တွေ၊ လေယာဉ်တွေကိုလည်း အထောက်အပံ့ရိက္ခာ၊ ဆေးဝါး၊ ပစ္စည်းတွေကို ဘေးဒုက္ခသင့်ရာ အစွန်အဖျားနေရာတွေအထိ မရောက်ရောက်အောင် မနားတမ်းကူသယ် ခေါက်သယ် ပျံသန်းပို့ဆောင်ပေးနေတာ၊ ဒဏ်ရာရလူနာတွေကို မြို့ပေါ်ဆေးရုံတွေဆီ ပြန်သယ်လာပေးနေတာ မျက်မြင်ပါပဲ။ တာဝန်ရှိတဲ့ လူကြီးတွေကိုယ်တိုင် ရဟတ်ယာဉ်တွေနဲ့လိုက်ပြီး သဘာဝဘေးဒဏ်ခံစားရတဲ့ ပြည်သူတွေကို အားပေးကြည့်ရှုစောင့်ရှောက်တာမြင်ရတော့ "သြော်… ဒို့ လူကြီးတွေဟာ ပြည်သူလူထုကို ဂရုတစိုက်နဲ့ စေတနာထားကြပါလား"လို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါတယ်။ ကျေးဇူးလည်း တင်မိပါတယ်။

တကယ်တော့ ဒီလိုသဘာဝဘေးဒဏ်မျိုး ကျရောက်ပြီဆိုရင် မချမ်းသာတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေမပြောနဲ့၊ ချမ်းသာတဲ့ဖွံ့ဖြိုးပြီးနိုင်ငံကြီးတွေတောင်မှ အတော်ခံရတာပါ။ ၂၀၀၅ ခုနှစ် ဩဂုတ်လမှာ အမေရိကန်နိုင်ငံ အရှေ့တောင်ဘက်ခြမ်းကနေ ဝင်မွှေသွားတဲ့ ကက်ထရီနာ ဟာရီကိန်းမုန်တိုင်းကြီးဆိုရင် လေတိုက်နှုန်းတစ်နာရီ ၁၇၅ မိုင်နှုန်းနဲ့ ပြည်နယ်ခြောက်ခုလောက်ကို ဖြတ်သွားတာ လူ ၁၈၀၀ ကျော်သေပြီး ၇၀၀ ကျော်ပျောက်ဆုံးကာ ဒေါ်လာ ၈၁ ဒသမ ၂ ဘီလီယံဖိုး ဆုံးရှုံးခဲ့တာ ဖြစ်ပါတယ်။ ဒါတောင်မှ မုန်တိုင်းဒဏ်မကြာခဏခံစားရလို့ ရေကာတာတွေ၊ လေဘေးကြိုတင်ကာကွယ်မှုတွေ လုပ်ထားတဲ့ ခေတ်မီနိုင်ငံကြီးမှာ ဖြစ်ခဲ့တာပါ။

ကက်ထရီနာမုန်တိုင်းတိုက်တုန်းက ရက်အတော်ကြာတဲ့အထိ ဗဟိုအစိုးရက ကယ်ဆယ်ရေးလုပ်ငန်းတွေ ထိထိရောက်ရောက်မလုပ်ပေးနိုင်ခဲ့သလို ပြည်နယ်အစိုးရတွေကလည်း စွမ်းအားမရှိတော့လို့ လူတွေအတော်များများ အစာရေစာပြတ်လပ်ပြီး ငတ်သေခဲ့ကြရတဲ့အထိ ဖြစ်ခဲ့တာရှိပါတယ်။ လုတာ၊ ယက်တာတွေလည်း တင်းကျမ်းဖြစ်လာလို့ ပစ်ခတ်နှိမ်နင်းရတာတွေအထိ ဖြစ်ခဲ့တာ။ လူမည်းအများစုနေထိုင်တဲ့ ပြည်နယ်တွေမှာဖြစ်လို့ အစိုးရက သူတို့ကို ဂရုမစိုက်ဘူးလို့တောင် လူသိရှင်ကြားဝေဖန်ပြစ်တင်တာတွေ ရှိခဲ့တာပြန်ပြီးသတိရမိပါတယ်။ အဲဒါမျိုးတွေနဲ့ယှဉ်လိုက်တော့ ကိုယ့်နိုင်ငံမှာ အစိုးရ၊ တပ်မတော်၊ ဌာနဆိုင်ရာ ဝန်ထမ်းတွေ၊ ပုဂ္ဂလိကလုပ်ငန်းရှင်တွေ၊ စေတနာ့ဝန်ထမ်း လူမှုရေးအဖွဲ့တွေ၊ ပြည်သူတွေအားလုံး တက်ညီလက်ညီနဲ့ ကယ်ဆယ်ရေးလုပ်ငန်းတွေ အောင်အောင်မြင်မြင် မြန်မြန်ဆန်ဆန် ထိထိရောက်ရောက်လုပ်နေကြတာ တကယ့်မင်္ဂလာတစ်ပါးပဲလို့ ခံစားမိပါတယ်။

သဘာဝဘေးဒဏ်ခံစားရတဲ့ မြန်မာပြည်သူတွေအတွက် စေတနာထားပြီး ငွေကြေး၊ ဆေးဝါးနဲ့ လူသုံးကုန်ပစ္စည်းတွေ ချက်ချင်းကူညီထောက်ပံ့ခဲ့ကြတဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေ၊ အိမ်နီးချင်းနိုင်ငံတွေနဲ့ ကျန်တဲ့ကမ္ဘာ့နိုင်ငံတွေ အားလုံးကိုလည်း ကျေးဇူးတင်ရပါတယ်။ မေလ ၅ရက်နေ့မှာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ပြန်ပြီးအလုပ်လုပ်နိုင်ပြီဆိုတာနဲ့ မေလ ၆ရက်နေ့မှာအစောဆုံးရောက်လာတဲ့ အကူအညီကတော့ ထိုင်းဘုရင့် တပ်မတော်က ပေးပို့လိုက်တဲ့ အစားအစာနဲ့ဆေးဝါးတွေပါ။ အဲဒီနောက် အိန္ဒိယနိုင်ငံက သင်္ဘောနဲ့အကူအညီပစ္စည်းတွေရောက်လာသလို ရုရှားဖက်ဒရေးရှင်း၊ ဂျပန်၊ လာအို၊ တရုတ်၊ စင်ကာပူ၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ အီတလီ၊ ယူကရိန်း၊ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ ကိုရီးယား၊ ဂရိစတဲ့ နိုင်ငံတွေနဲ့ WFP, WHO, UNICEF စတဲ့ နိုင်ငံတကာ အဖွဲ့အစည်းတွေက အသီးသီးလှူဒါန်းကြတဲ့ ရွက်ဖျင်တဲ၊ ရိက္ခာနဲ့၊ ဆေးဝါးကုန်ပစ္စည်းအမျိုးမျိုးဟာ လေယာဉ်တွေနဲ့ တစ်သုတ်ပြီးတစ်သုတ် ရောက်လာကြတာတွေ့ရလို့ သာခုခေါ်မိပါတယ်။ ငွေကြေးအရလည်း ဒေါ်လာ တစ်သန်းလှူမယ့် ဘီလ်ဂိတ်ရဲ့ ဖောင်ဒေးရှင်းတို့၊ တခြားနိုင်ငံအစိုးရတွေကလည်း ဒေါ်လာတစ်သန်း၊ ဒေါ်လာသုံးသန်း စသည်ဖြင့် ကူညီမယ်ဆိုပြီး သတင်းစကားတွေကြားရတာ ဝမ်းသာစရာပါ။

မြန်မာပြည်သူတွေကတော့ ပြည်ပကအကူအညီတွေကို လှိုက်လှဲဝမ်းသာစွာ နည်းသည်၊ များသည်မဟူ လက်ခံသွားမှာဖြစ်ပေမယ့် ပြည်ပအကူအညီကိုချည်း လုံးလုံးလျားလျား မှီခိုသွားမယ့်စိတ်မျိုး မရှိပါဘူး။ ကိုယ့်အားကိုယ်ကိုးပြီး ကိုယ့်ပြည်တွင်းက အင်အားနဲ့ ကိုယ့်ဘာသာ ကြိုးစားပြီး ပြန်ထူထောင် သွားကြမှာပါ။ တကယ်တော့ အခုအထိ ပြည်ပအကူအညီဆိုတာ တခြားဒေသတွင်းနိုင်ငံတွေရဲ့ သဘာဝဘေးဒဏ်မှာရခဲ့တဲ့ နိုင်ငံတကာ အထောက်အပံ့နဲ့စာရင် ဘာမှမဖြစ်လောက်သေးပါဘူး။ ၂၀၀၇ခုနှစ် ဘင်္ဂလားဒေ့ရှ်မုန်တိုင်းမှာ ဆော်ဒီက ဒေါ်လာသန်း ၁၀၀၊ အီးယူက ဒေါ်လာနှစ်သန်းခွဲ၊ အမေရိကန်က အရေးပေါ်ထောက်ပံ့ငွေ ဒေါ်လာ ၁၄ဒသမ ၄သန်းအပါအဝင် နိုင်ငံတကာအထောက်အပံ့ ဒေါ်လာသန်းရာနဲ့ချီပြီး ရခဲ့တာဖြစ်ပါတယ်။ ၂၀၀၄ခုနှစ် ဆူနာမီတုန်းကဆိုရင်လည်း အင်ဒိုနီးရှားတစ်နိုင်ငံတည်း ကိုတောင်မှ အမေရိကန်က ဒေါ်လာသန်း ၈၀၀ကျော် ပေးခဲ့တာပါ။ အာရှဖွံ့ဖြိုးရေးဘဏ်ကပေးတဲ့ ဒေါ်လာသန်း ၃၀၀ကျော်နဲ့ပေါင်းရင် ဒေါ်လာသန်းထောင်ကျော်ရခဲ့တာတွေ့ရပါတယ်။ ဒါတောင် တခြားနိုင်ငံတွေနဲ့ အဖွဲ့အစည်းတွေ မပါသေးပါဘူး။ အိမ်နီးချင်းနိုင်ငံတွေမှာ အကူအညီတွေရကြတာ မုဒိတာပွားမိသလို ကိုယ့်နိုင်ငံအတွက်လည်း စေတနာမှန်တဲ့ မိတ်ကောင်းဆွေမွန်တွေဆီက အကူအညီတွေကို လက်ခံဖို့ အမြဲတံခါးဖွင့်ထားမှာ ဖြစ်ပါတယ်။

တစ်ဖက်မှာလည်း ကိုယ့်ပြည်တွင်းက စေတနာရှင်တွေရဲ့ လှူဒါန်းကြတဲ့ ပမာဏကလည်း မသေးလှတာတွေ့ရပါတယ်။ သိန်းရာနဲ့ထောင်နဲ့ချီပြီး လှူတဲ့ ပုဂ္ဂိုလ်တွေကိုက အများကြီးရှိနေကြတာပါ။ သတင်းစာမှာပါတဲ့ စာရင်းအရ သန်းပေါင်း ၅၀၀၀ကျော် ရှိသွားပြီဆိုတာတွေ့ရပါတယ်။ ဆက်ပြီးတော့လည်း သိန်းရာထောင်ချီပြီး လှူနေကြတာမို့ မြန်မာပြည်သူတွေရဲ့ စေတနာကို အံ့မခန်းလောက်အောင် ချီးကျူးမိပါတယ်။

ဒီလို ပြည်တွင်း၊ ပြည်ပ စေတနာရှင်တွေရဲ့ အကူအညီတွေ၊ နိုင်ငံတော်အစိုးရရဲ့ ပံ့ပိုးစောင့်ရှောက်မှုနဲ့ တာဝန်ရှိတဲ့လူကြီးတွေရဲ့ အနီးကပ်ကြပ်မတ်ကွပ်ကဲမှုတွေ၊ တပ်မတော်သားတွေနဲ့ ဌာနဆိုင်ရာဝန်ထမ်းအသီးသီးရဲ့ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်မှုတွေ၊ အစိုးရမဟုတ်တဲ့ လူမှုရေးအဖွဲ့အစည်းတွေနဲ့ ပြည်သူတွေရဲ့ တက်တက်ကြွကြွ ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်မှုတွေကြောင့် လတ်တလောခံစားနေရတဲ့ သဘာဝဘေးဒဏ်ခံဒေသတွေက ပြည်သူတွေအတွက် ခံစားရတဲ့ ဒုက္ခတွေ အမြန်ဆုံးပြေပျောက်ပြီး သက်သာလာပါလိမ့်မယ်လို့ မျှော်လင့်မိပါတယ်။

သို့သော်လည်း ကယ်ဆယ်ရေးလုပ်ငန်းတွေပြီးပေမယ့် ရေရှည်လုပ်ဆောင်ရမယ့် ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ အများကြီးရှိပါသေးတယ်။ သဘာဝဘေးဒဏ်ခံ ပြည်သူတွေအတွက် နေဖို့၊ ထိုင်ဖို့၊ လုပ်ကိုင်စားသောက်ဖို့၊ ခိုကိုးရာမဲ့ဖြစ်သွားသူတွေကို ကူညီစောင့်ရှောက်ပေးဖို့၊ အလုပ်အကိုင်ဖန်တီးပေးဖို့စတဲ့ မြောက်မြားလှတဲ့ လုပ်ငန်းတာဝန်တွေအပြင် နောင်အခါ သဘာဝဘေးဒဏ်တွေနဲ့ ကြုံခဲ့ရင်လည်း အခုလို အထိမနာရအောင် ကြိုတင်ပြင်ဆင်တည်ဆောက်တာတွေ၊ လေ့ကျင့်ပညာပေးတာတွေ၊ အရေးပေါ်ပစ္စည်းတွေ စုဆောင်းသိုလှောင်တာတွေစသည်ဖြင့် လုပ်စရာတွေအများကြီး ရှိဦးမှာဖြစ်ပါတယ်။

ဒီလုပ်ငန်းတွေကိုလည်း အခုလို ဖွဲ့လုံ့လ ညီညွတ်မှုအားတွေနဲ့ နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ဌာနဆိုင်ရာ၊ လူမှုရေးအဖွဲ့အစည်းတွေနဲ့ ပြည်သူလူထု လူတန်းစားအလွှာအားလုံးက တက်ညီလက်ညီ ဆက်လက် လုပ်ဆောင်သွားကြမယ်ဆိုရင် ဘယ်လိုအတားအဆီး အနှောင့်အယှက် အခက်အခဲ စိန်ခေါ်မှုမှန်သမျှကိုမဆို ကျော်လွှားသွားနိုင်မှာဖြစ်ကြောင်း ယုံကြည်မိပါတယ်။ ။

မန္တလေးတိုင်းပြည်သူများမှ လှူဒါန်းသော ထောက်ပံ့ရေးပစ္စည်းများ ပေးပို့နေမှု တိုင်းမှူးဗိုလ်မှူးချုပ်တင်ငွေ ကြည့်ရှုအားပေး

နေပြည်တော် မေ ၁၄

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေသည် တာဝန်ရှိသူများနှင့်အတူ မေ ၁၁ ရက် နံနက် ၁၀ နာရီခွဲက မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက် ဓမ္မဒူတအရှင်ဆေကိန္ဒနှင့် အလှူရှင်များကလှူဒါန်းသော ထောက်ပံ့ရေးပစ္စည်းများကို လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များက မန္တလေးမြို့ ဘူတာကြီး၌ မော်တော်ယာဉ်များပေါ်မှ မီးရထားတွဲများပေါ်သို့ လက်ဆင့်ကမ်းစနစ်ဖြင့် စုပေါင်းသယ်ယူနေမှုကိုလှည့်လည် ကြည့်ရှုအားပေးသည်။

ရန်ကုန်မြို့သို့ပို့ဆောင်

အဆိုပါ မန္တလေး-ရန်ကုန် အစုန်ရထားအမှတ်(၂) တွဲအမှတ် GBHV-40039 နှင့် GBHV-40124 တို့တွင် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် အလှူရှင်များကလှူဒါန်းသော စုစုပေါင်းတန်ဖိုးငွေကျပ် ၁၁၄၃၀၉၆၀၀ ရှိသည့် အဝတ်အထည်မျိုးစုံ အထုပ် ၇၀၊ ဆန်၄၁၁အိတ်၊ရေသန့် ၁၅တွဲ၊ဖိနပ်၆၂အိတ်၊သွားတိုက်ဆေး ၂၀၀ ဖာ၊ ခေါက်ဆွဲရှစ်ဖာ၊ ပဲဆီ ၁၀ပုံး ပီသာ ၁၀၀၊ဆေး ၁၂၀ ဖာ၊ စောင် ၁၀ ထုပ်၊ ပဲ ၅၅ အိတ်၊ ဆပ်ပြာမှုန့်/ခတ်ဆား/ပတ်တီးနှင့် အခြားပစ္စည်း မျိုးစုံတို့ကိုလည်းကောင်း၊ ၃၂ တန် တင်ဆောင်နိုင်သည့် တွဲအမှတ်(GBHV-40339)တွင် အမရပူရမြို့ မဟာဂန္ဓာရုံ ကျောင်းတိုက်မှ လှူဒါန်းသော စောင်၊ အဝတ်အထည်၊ဆေး၊ ဗလာစာအုပ်၊ ဆန်အိတ်နှင့် အခြားပစ္စည်းမျိုးစုံတို့ကိုလည်း ကောင်း၊ ဓမ္မဒူတ အရှင်ဆေကိန္ဒနှင့်ဒကာ ဒကာမများက လှူဒါန်းသော ကြက်ဥ၊အဝတ်အထည်မျိုးစုံ၊ ပဲ၊ဆန်အိတ်နှင့် အခြားပစ္စည်းမျိုးစုံတို့ကိုလည်းကောင်း ရန်ကုန်မြို့သို့ ပို့ဆောင်ကြသည်။

ဆက်သွယ်လှူဒါန်းနိုင်

မန္တလေးတိုင်းအနေဖြင့် လေဘေးသင့် ပြည်သူများအတွက် မေ ၄ ရက်မှ ယနေ့အထိ လှူဒါန်းမှုစုစုပေါင်းတန်ဖိုးမှာ ငွေ ၅၆၀၄၁၄၇၄၅ ကျပ်ဖြစ်ပြီး စေတနာရှင်ပြည်သူများအနေဖြင့် လှူဒါန်းလိုသူများ ရှိပါကလည်းသက်ဆိုင်ရာ ကျေးရွာ၊ ရပ်ကွက်၊ မြို့နယ်၊ ခရိုင်၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မေ ၁၃ ရက်က ကျိုက်လတ်မြို့နယ် လေဘေးသင့်ခံရသော ပြည်သူများအတွက် တပ်မတော်ရဟတ်ယာဉ်ဖြင့် ထောက်ပံ့ရေးပစ္စည်းများကို တင်ဆောင်စဉ်။ (သတင်းစဉ်)

တွံတေးမြို့နယ် ကျေးရွာများမှ လေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်

ရန်ကုန် မေ ၁၄

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာသည် တွံတေးမြို့နယ် ကျေးရွာများမှ လေဘေးသင့် ပြည်သူများအား ကူညီထောက်ပံ့မှုများ၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ယမန်နေ့ နံနက်ပိုင်းက တွံတေးမြို့နယ် တမံကြီးကျေးရွာသို့ရောက်ရှိပြီး ရှေးဦးစွာ တမံကြီး အခြေခံပညာ အထက်တန်းကျောင်းခွဲကို သွားရောက်ကြည့်ရှုစစ်ဆေး၍ စေတနာရှင်များ လှူဒါန်းသော ဆန်အိတ် ၃၀နှင့် ပလတ်စတစ်မိုးကာစ ၃၀ ကို လေဘေးသင့်ပြည်သူများအား ပေးအပ်သည်။

ထို့မှတစ်ဆင့် ဝန်ကြီးသည် ဘုရားငုတ်တို(မြောက်ပိုင်း)ကျေးရွာရှိ အခြေခံပညာ မူလတန်းကျောင်းကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အလှူရှင်များနှင့် တာဝန်ရှိသူများက ကျေးရွာလေဘေးသင့် ပြည်သူများအတွက် ဆန်အိတ် ၃၀နှင့် ပလတ်စတစ်မိုးကာစ ၂၀တို့ကို ပေးအပ်ကြသည်။

ထောက်ပံ့ပေးအပ်

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ဘုရားငုတ်တို(တောင်ပိုင်း) ကျေးရွာသို့ သွားရောက်ပြီး လေဘေးသင့် ပြည်သူများအတွက် ဆန်အိတ် ၂၀နှင့် ပလတ်စတစ်မိုးကာစ ၃၀ကိုလည်းကောင်း၊ စမ်းရွာကျေးရွာသို့ သွားရောက်ပြီး လေဘေးသင့် ပြည်သူများအတွက် ဆန်အိတ် ၃၀နှင့် ပလတ်စတစ်မိုးကာစ ၃၀ကို လည်းကောင်း၊ ပေါက်တောကျေးရွာသို့သွားရောက်ပြီး လေဘေးသင့် ပြည်သူများအတွက် ဆန်အိတ် ၃၀နှင့် ပလတ်စတစ်မိုးကာစ ၃၀ တို့ကိုလည်းကောင်း၊ ကျိုက်သလဲ ကျေးရွာအုပ်စု လာကပုံကျေးရွာသို့ သွားရောက်ပြီး လေဘေးသင့်ပြည်သူများအတွက် ဆန်အိတ် ၅၀နှင့် ပလတ်စတစ်မိုးကာစ ၅၀တို့ကိုလည်းကောင်း၊ ဘုရားကြီးစံပြကျေးရွာသို့သွားရောက်ပြီး လေဘေးသင့် ပြည်သူများအတွက် ဆန်အိတ် ၇၀နှင့်ပလတ်စတစ်မိုးကာစ ၅၀ တို့ကိုလည်းကောင်း၊ ကံဘဲ့စံပြ ကျေးရွာ လေဘေးသင့် ပြည်သူများ အတွက်ဆန်အိတ် ၅၀နှင့် ပလတ်စတစ်မိုးကာစ ၃၀တို့ကို လည်းကောင်း၊ ထော်သိုကျေးရွာ လေဘေးသင့်ပြည်သူများအတွက် ဆန်အိတ် ၃၀နှင့် ပလတ်စတစ်မိုးကာစ၃၀ တို့ကိုလည်းကောင်း၊ တလုထွော်ကျေးရွာသို့ သွားရောက်ပြီး လေဘေးသင့် ပြည်သူများအတွက် ဆန်အိတ်၃၀နှင့် ပလတ်စတစ်မိုးကာစ ၃၀ တို့ကိုလည်းကောင်း၊ရှမ်းစုကျေးရွာ လေဘေးသင့်ပြည်သူများအတွက် ဆန်အိတ် ၃၀၊ စားအုန်းဆီ နှစ်ပီပါနှင့် ပလတ်စတစ်မိုးကာစ ၆၀တို့ကို လည်းကောင်း အလှူရှင်များနှင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ကြသည်။

ထို့နောက် ဝန်ကြီးသည် တွံတေးမြို့နယ် ကျောင်းသစ် ပရိယတ္တိစာသင်တိုက်သို့ သွားရောက်ပြီး ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တဥတ္တမသာရအား ဖူးမြော် ကြည်ညိုကာ လှူဖွယ်ပစ္စည်းများနှင့်အလှူရှင်များက ဆန်အိတ်၅၀ကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းသည်။

ပံ့ပိုးဖြည့်ဆည်းပေးခဲ့

မွန်းလွဲပိုင်းတွင် ဝန်ကြီးသည် တွံတေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ဌာနဆိုင်ရာများ၊မြို့နယ်လေဘေးကယ်ဆယ်ရေး ကော်မတီအသီးသီးမှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများအား တွေ့ဆုံပြီး တွံတေး မြို့နယ်ရှိ လေဘေးသင့် ပြည်သူများအတွက် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ယာယီရှက်ဖျင်တဲများအား တပ်ဆင်အသုံးပြုနည်း သရုပ်ပြပွဲတွင် တာဝန်ရှိသူများနှင့် မီးသတ်ဦးစီးဌာနအသက်ကယ်အဖွဲ့ဝင်များ ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

ယာယီရှက်ဖျင်တဲများ အသုံးပြုနည်း သရုပ်ပြပွဲကျင်းပ

ရန်ကုန် မေ ၁၄

ဗြိတိန်နိုင်ငံအခြေစိုက် နိုင်ငံတကာ လူမှုရေးအဖွဲ့ဖြစ်သော The Rotary Club of Helstone-Lizard အဖွဲ့က ဧရာဝတီတိုင်းအတွင်း မုန်တိုင်းဒဏ်သင့် အိမ်ထောင်စုများအတွက် လှူဒါန်းထားသော ပစ္စည်းစုံပါဝင်သည့် ယာယီရှက်ဖျင်တဲ (Shelter Box)များအား တပ်ဆင်အသုံးပြုနည်း သရုပ်ပြပွဲကို ယမန်နေ့ နံနက် ၉ နာရီခွဲက ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်)၌ ကျင်းပရာ ယာယီရှက်ဖျင်တဲများ တပ်ဆင်အသုံးပြုနည်းကို ဗြိတိန်နိုင်ငံမှ ကျွမ်းကျင်သူနှစ်ဦးက သရုပ်ပြကြပြီး တာဝန်ရှိသူများနှင့် မီးသတ်ဦးစီးဌာန အသက်ကယ်အဖွဲ့ဝင်များက ကြည့်ရှုလေ့လာကြသည်။

ထပ်ဆင့်သရုပ်ပြ

မီးသတ်ဦးစီးဌာနမှ အသက်ကယ်အဖွဲ့ဝင်များသည် ဧရာဝတီတိုင်းအတွင်း မုန်တိုင်းဒဏ်သင့် အိမ်ထောင်စုများထံသို့ အချိန်နှင့်တစ်ပြေးညီ သွားရောက် ထပ်ဆင့်ရှင်းလင်း သရုပ်ပြကြမည်ဖြစ်သည်။

အဆိုပါ ပစ္စည်းစုံပါဝင်သော ယာယီရှက်ဖျင်တဲများသည် တစ်ခုလျှင် မိသားစု ၁၀ ဦး နေထိုင်နိုင်ပြီး စောင်၊ ခြင်ထောင်၊ မီးဖို၊ ရေသန့်ဆေးပြားများ အပါအဝင် အသင့်စားသောက်နေထိုင်နိုင်သော ပစ္စည်းအစုံအလင်ပါရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

သစ်ကိုင်းနှင့် အမှိုက်များ ရှင်းလင်းဖယ်ရှားနေသော တပ်မတော်သားနှင့်လူမှုရေးအသင်းအဖွဲ့ဝင်များအား ထမင်း၊ အချိုရည်နှင့် ရေသန့်ဘူးများ လှူဒါန်း

ရန်ကုန် မေ ၁၄

ရန်ကုန်မြို့တွင်းလမ်းများ၌ ကျန်ရှိနေသော သစ်ကိုင်းနှင့် အမှိုက်အချို့ကို အပြောင်ရှင်းစနစ်ဖြင့် ရှင်းလင်းဆောင်ရွက်နေသော တပ်မတော်သားများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပြည်သူများအား ရွှေသံလွင်ကုမ္ပဏီ မိသားစုက တစ်ရက်လျှင် ငွေကျပ်နှစ်သိန်းတန်ဖိုးရှိ နံနက်စာနှင့် နေ့လယ်စာ ထမင်းနှင့်ဟင်းများ၊ ငွေကျပ် ၁၂၆၀၀၀၀ တန်ဖိုးရှိ အချိုရည်များနှင့်စားသောက်ဖွယ်ရာများကို နေ့စဉ်ပေးပို့လှူဒါန်းလျက်ရှိကြောင်း သိရသည်။

အလားတူ ဒလမြို့နယ်၊ ကော့မှူးမြို့နယ်နှင့် စမ်းချောင်းမြို့နယ်တို့မှ မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ဆန်အိတ် ၁၀၀၀၊ တီရှပ်နှင့် အချိုရည်ဘူးများကို ကိုယ်တိုင်ကိုယ်ကျ သွားရောက်လှူဒါန်းကြသည်။

ထို့အပြင် ရွှေသံလွင်ကုမ္ပဏီ၊ တော်ဝင်ကုမ္ပဏီနှင့် မောင်ဝိတ်ကုမ္ပဏီတို့ စုပေါင်း၍ ဧရာဝတီတိုင်းအတွင်းမုန်တိုင်းဒဏ်သင့်ကျေးရွာ ၂၀တို့မှ ပြည်သူများအတွက် ငွေကျပ် ၄၅၇၈၀၀၀တန်ဖိုးရှိ ခေါက်ဆွဲခြောက် ၁၀၀ ဖာ ၊ ရေသန့်ဘူး ၁၀၀၀၊ဘီစကွတ်ထုပ် ၁၀၀၀တို့ကို ပေးပို့လှူဒါန်းခဲ့ပြီး ဘိုကလေးမြို့ရှိ လေဘေးကယ်ဆယ်ရေးစခန်းသို့ ဒံပေါက်အထုပ် ၁၀၀၀ ပေးအပ်လှူဒါန်းသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် လေဘေးအတွက်ကူညီလှူဒါန်းရန် နှိုးဆော်

ရန်ကုန် မေ ၁၄

မုန်တိုင်းဒဏ်သင့်ခံရသောဒေသများအား ကူညီပံ့ပိုးနိုင်ရန်အတွက် မြန်မာနိုင်ငံငါးလုပ်ငန်း အဖွဲ့ချုပ်လက်အောက်ရှိလုပ်ငန်းဆိုင်ရာအသင်းများ၊ပြည်နယ်၊ တိုင်း၊ ခရိုင်ငါးလုပ်ငန်း အဖွဲ့ချုပ်များ အနေဖြင့်လည်းကောင်း၊ လုပ်ငန်းရှင်တစ်ဦးချင်းအနေဖြင့်လည်းကောင်း အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းကြပါရန် နှိုးဆော်ထားသည်။

လှူဒါန်းလိုသူများသည် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အကြီးတန်း ဒုတိယဥက္ကဋ္ဌ (၁)ဦးလှမောင်ရွှေ ဖုန်း-၀၉-၅၂-၀၀၅၈၄၊ ၀၉-၈၆-၀၁၅၄၀၊ အကြီးတန်း ဒုတိယဥက္ကဋ္ဌ(၂)ဦးသန်းလွင် ဖုန်း-၀၉-၅၁-၄၈၀၉၇၊ အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်ဖုန်း-၀၉-၅၀-၁၉၂၇၃၊၀၉-၈၆-၀၁၀၆၁နှင့်မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး ဖုန်း-၆၈၃၆၆၂၊ ၆၈၃၆၅၈၊ ၆၈၃၆၅၇၊၆၈၃၆၅၃၊ ၆၈၃၆၅၂နှင့် ၆၄၄၁၁၅ ဘုရင့်နောင်လမ်းနှင့် ဆေးဝါးစက်ရုံလမ်းထောင့် အနောက်ကြို့ကုန်း အင်းစိန်မြို့နယ် ရန်ကုန်မြို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(သတင်းစဉ်)**

တိုင်းမှူးဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့် ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ လေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေး၊ ထောက်ပံ့ ရေးပစ္စည်းများပေးအပ်

ရန်ကုန် မေ ၁၄

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့် ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့သည် ယမန်နေ့မွန်းလွဲပိုင်းက ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ဆင်ကန်ရပ်ကွက် လေဘေးကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိပြီး မိုးကာရွက်ဖျင်တဲများ စနစ်တကျဆောက်လုပ်နေရာချထားမှုကိုကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် ဒေသအာဏာပိုင်များနှင့် ပူးပေါင်း၍ မြို့နယ်အတွင်း ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို အပိုင်းလိုက် ဆောင်ရွက်ပေးသွားမည့် အခြေအနေများ ရှင်းလင်းပြောကြားသည်။

ထောက်ပံ့ပေးအပ်

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့က အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ ငွေကျပ်၄၂၅သိန်းတန်ဖိုးရှိ အဝတ်အထည်များနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနမှ ငွေကျပ်သိန်း ၂၀တန်ဖိုးရှိစားသောက်ကုန်၊ ရေသန့်နှင့် ဖယောင်းတိုင်များကို လေဘေးသင့် ပြည်သူများအား ထောက်ပံ့ပေးအပ်ကြသည်။

ကျောက်တန်းမြို့နယ်အတွင်း လေဘေးသင့် ပြည်သူများအား ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကို ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ရွှေတောင်ကုမ္ပဏီတို့ပူးပေါင်း၍ စီမံချက်ချ ဆောင်ရွက်လျက်ရှိပြီး ယခုအခါ 300KVA မီးစက်ဖြင့် လျှပ်စစ်မီးရရှိရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့်ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့ ကျောက်တန်းမြို့နယ် လေဘေးသင့်ပြည်သူများအတွက် အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ အဝတ်အထည်များနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနမှ စားသောက်ကုန်၊ ရေသန့်နှင့် ဖယောင်းတိုင်များ ထောက်ပံ့ပေးအပ်ပွဲကိုတက်ရောက်စဉ်။ (သတင်းစဉ်)

မေ၁၃ရက်က မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးသွားသော ဒေသများအတွက် နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ သယ်ဆောင်လာသောလေယာဉ်များ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။ (သတင်းစဉ်)

သာကေတနှင့် ဒေါပုံမြို့နယ်ဓာတ်အားခွဲရုံများ ချိတ်ဆက်ဓာတ်အား ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရေးဆောင်ရွက်မှု ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁၄

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် မေ၁၃ရက်က ရန်ကုန်တိုင်း သာကေတမြို့နယ်ဓာတ်အားခွဲရုံနှင့် ဒေါပုံမြို့နယ်ဓာတ်အားခွဲရုံများ၌ ချိတ်ဆက်ဓာတ်အားပို့လွှတ် ဖြန့်ဖြူးပေးနိုင်စေရေးဆောင်ရွက်မှု အခြေအနေများကို သွားရောက်၍ ဓာတ်အားအဝင်လက်ခံရရှိမှုနှင့် (10MVA) ထရန်စဖော်မာအခြေအနေ၊ လျှပ်စစ်ကျွမ်းကျင်လုပ်သားများဖြင့် ဓာတ်အားချိတ်ဆက်တပ်ဆင်နေမှု အခြေအနေများနှင့်သာကေတမြို့နယ် နဝရတ်ဓာတ်အားခွဲရုံမှ ဒေါပုံမြို့နယ် ဓာတ်အားခွဲရုံသို့ ဓာတ်အားပို့လွှတ်ခြင်းနှင့် ဓာတ်အားအဝင်လက်ခံရရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးခြင်းလုပ်ငန်းဆိုင်ရာ လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မေ ၁၃ ရက်က နယ်မြေခံတပ်မတော်သားများ၊ ပြည်သူများက နိုင်ငံတကာမှထောက်ပံ့လှူဒါန်းထားသော ရွက်ဖျင်တဲများ၌ ကွမ်းခြံကုန်းမြို့နယ် လေဘေးသင့်ခံရသော ပြည်သူများ မိသားစုအလိုက် နေထိုင်နိုင်ရန် တည်ဆောက်ပေးစဉ်။

(သတင်းစဉ်)

လှိုင်မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူများ၊ဝန်ထမ်းများ မြို့နယ်အတွင်း လိုင်းကြိုးဆွဲခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိ

ရန်ကုန် မေ ၁၄

ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးအဖွဲ့ လှိုင်မြို့နယ် အုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများပါဝင်သော အဖွဲ့ဝင်များသည် ယမန်နေ့ နံနက်ပိုင်းက လှိုင်မြို့နယ်အတွင်း လျှပ်စစ်မီး ပြန်လည်ရရှိရေးအတွက် ရွှေဟင်္သာတာဝါနှင့် အင်းလျားလေးကွေ့ရှိ ဗို့အား ၄၀၀ ဓာတ်အားလိုင်းများကို လိုင်းကြိုးဆွဲခြင်း အပါအဝင် တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြသည်။

ယခုအခါ လှိုင်မြို့နယ်အတွင်းရှိ ပြည်လမ်းတစ်လျှောက်၌ လုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေပြီး လမ်းသွယ်များကို ဆက်လက် စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနနှင့် ယူနန်လျှပ်စစ်ဖွံ့ဖြိုးမှုကုမ္ပဏီလီမိတက်တို့ နှစ်ဖက်သဘောတူစာချုပ် လက်မှတ်ထိုး

နေပြည်တော် မေ ၁၄

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Yunnan United Power Development Co.,Ltd.တို့ ရွှေလီ(၂)/(၃)ရေ အားလျှပ်စစ်စီမံကိန်းအတွက် နှစ်ဖက်သဘောတူစာချုပ် လက်မှတ်ထိုးပွဲ အခမ်းအနားကို နေပြည်တော် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အစည်းအဝေးခန်းမတွင် မေ၁၂ရက် ညနေပိုင်းက ကျင်းပသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ရှေ့နေချုပ်ဦးအေးမောင်၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေမန်နေဂျာ၊ ညွှန်ကြားရေးမှူးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Yunnan United Power Development Co.,Ltd.မှ Vice President နှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။ အခမ်းအနားအစီအစဉ်အရ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီးက ပဏာမနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Yunnan United Power Development Co.,Ltd.မှ Vice President က နှုတ်ခွန်းဆက် စကားပြောကြားသည်။

လက်မှတ်ရေးထိုး

ယင်းနောက် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Yunnan United Power Development Co.,Ltd.မှ Vice President တို့သည် နှစ်ဖက်နားလည်မှု စာချွန်လွှာများကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ကြသည်။

ယနေ့ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Yunnan United Power Development Co.,Ltd. တို့ နှစ်ဖက် သဘောတူလက်မှတ်ရေးထိုးသော ရွှေလီ(၂)ရေအားလျှပ်စစ်စီမံကိန်းမှာ မဂ္ဂါဝပ်၄၆၀ထွက်ရှိမည်ဖြစ်ပြီး ရွှေလီ(၃) ရေအားလျှပ်စစ်စီမံကိန်းမှာ မဂ္ဂါဝပ်၃၆၀ ထွက်ရှိမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ တပ်မတော်(လေ)မှ ဆက်လက်ပါဝင်

နေပြည်တော် မေ ၁၄

လေဘေးသင့် ပြည်သူများအား ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် တပ်မတော်(လေ)မှ ပါဝင်ဆောင်ရွက်လျက်ရှိရာ မေ၁၂ရက်က ဖျာပုံ၊ ဒေးဒရဲ၊ ကျိုက်လတ်(?)၊ မြောင်းမြ၊ ဝါးခယ်မ၊ လပွတ္တာ၊ ဘိုကလေး၊ ကံစစ်၊ ကျည်ချောင်း၊ စက်စမ်း၊ အမာဒေသများတွင် ကယ်ဆယ်ရေးပစ္စည်းစုစုပေါင်း ၄၃ ဒသမ ၉၄၄ တန်ကို တပ်မတော်ရဟတ်ယာဉ်များဖြင့် ပို့ဆောင်ပေးခဲ့ပြီး ယနေ့အထိ ကယ်ဆယ်ရေးပစ္စည်း စုစုပေါင်း ၃၁၆ ဒသမ ၆၄၅တန်ကို လေဘေးသင့် အရပ်ဒေသများသို့ ပို့ဆောင်ပေးနိုင်ခဲ့ပြီးဖြစ်သည်။

ထို့အပြင်ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လူနာ၁၀၅ဦးတို့ကို သက်ဆိုင်ရာဌာနများသို့ လွှဲပြောင်းပေးနိုင်ခဲ့ပြီးဖြစ်ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

တပ်မတော်(ရေ)မှ မိသားစုဆရာဝန်များအဖွဲ့ ကျန်းမာရေးစောင့်ရှောက်ရန် ဟိုင်းကြီးကျွန်းသို့သွားရောက်

ရန်ကုန် မေ ၁၄

တပ်မတော်(ရေ)မှ မိသားစုဆရာဝန်များအဖွဲ့သည် ဟိုင်းကြီးကျွန်းမြို့ပေါ်ရှိ လေဘေးသင့် ပြည်သူများအား အနီးကပ် ကျန်းမာရေးစောင့်ရှောက်မှုများပြုလုပ်ရန် လိုအပ်သောဆေးဝါးပစ္စည်း အပြည့်အစုံဖြင့် ယမန်နေ့နံနက် ၅နာရီခွဲက ရန်ကုန်မှ ပုသိမ်၊ ပုသိမ်မှ အမြန်ရေယာဉ်ဖြင့် ဟိုင်းကြီးကျွန်းသို့ သွားရောက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လေဘေးသင့်ပြည်သူများအတွက် အထူးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ပေးထား
အလှူရှင်များ၏ထောက်ပံ့ပစ္စည်းများ လေဘေးသင့်သူများထံ စနစ်တကျ ဖြန့်ဝေ
ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်ပြည့်ဆောင်ရွက်ပေးလျက်ရှိ

ရန်ကုန် မေ ၁၄

မုန်တိုင်းဒဏ်ခံခဲ့ရသော ပြည်သူများအား ကယ်ဆယ်ရေးလုပ်ငန်းများကို နိုင်ငံတော်က အနီးကပ်ကြီးကြပ်ကာ အလျင်အမြန်ဆုံးနှင့် အထိရောက်ဆုံးဖြစ်အောင် ကြိုးစား ဆောင်ရွက်လျက်ရှိသလို ပြန်လည်ထူထောင်ရေး လုပ်ငန်းများကိုလည်း အချိန်နှင့်တစ်ပြေးညီ စီမံလုပ်ကိုင်လျက်ရှိနေသည်။

တွေ့ဆုံမေးမြန်း

မုန်တိုင်းဒဏ်ကြုံတွေ့ခံစားခဲ့ရသူများ၊ ကယ်ဆယ်ရေးလုပ်ငန်းများ၊ ထောက်ပံ့ရေးလုပ်ငန်းများနှင့် ကျန်းမာရေးဆောင်ရွက်မှုလုပ်ငန်းများကို မုန်တိုင်းဒဏ်ခံရသည့် နေရာဒေသများ၌ အထူးကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ကာ လိုအပ်သည်များ ထောက်ပံ့ ဖြည့်ဆည်းပေးလျက်ရှိရာ မုန်တိုင်းဒဏ်ခံခဲ့ရသည့် ရန်ကုန် အရှေ့ပိုင်းခရိုင်ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ လေဘေးသင့်သူများထားရှိရာ အထူးကယ်ဆယ်ရေးစခန်းသို့ သွားရောက်တွေ့ဆုံ မေးမြန်းခဲ့ပါသည်။

ရွက်ဖျင်တဲ ၄၄ လုံး

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်အတွင်း လေဘေးသင့်သူများအား ထားရှိရာ အထူးကယ်ဆယ်ရေး စခန်းမှာ ဒဂုံမြို့သစ် (တောင်ပိုင်း) ၁၇ ရပ်ကွက် အမှတ် (၂)လမ်းမကြီးနှင့် ရတနာပုံလမ်းထောင့် အရှေ့ပြည်သာယာ ရိပ်မွန်မျက်နှာချင်းဆိုင်နေရာ၌ဖွင့်လှစ်ထားရှိသည့် အထူးကယ်ဆယ်ရေးစခန်းဝင်းအတွင်းရှိ အထူးကယ်ဆယ်ရေးစခန်း တာဝန်ခံဦးကြည်ဝင်းနှင့် တွေ့ဆုံမေးမြန်းရာ "ဒီအထူးကယ်ဆယ်ရေးစခန်းမှာ ရွက်ဖျင်တဲ ၄၄လုံးရှိပါတယ်။ လေဘေးသင့်သူတွေအတွက် ရွက်ဖျင်တဲ ၄၀၊ ကွပ်ကဲရေး ရွက်ဖျင်တဲ တစ်လုံး၊ ကျန်းမာရေး၊ ဆေးကုသခန်းအဖြစ် အသုံးပြုထားတဲ့ ရွက်ဖျင်တဲတစ်လုံး၊ ဗီဒီယိုပြတဲ့ ရွက်ဖျင်တဲ တစ်လုံးနဲ့ အရန်ရိက္ခာသိုလှောင်ရုံအဖြစ် အသုံးပြုထားတဲ့ ရွက်ဖျင်တဲတစ်လုံးဆိုတော့ စုစုပေါင်း ရွက်ဖျင်တဲ၄၄လုံးရှိပါတယ်။" ဟု ဖြေကြားသည်။

တာဝန်ယူထောက်ပံ့

အထူး ကယ်ဆယ်ရေးစခန်းတွင်း ရွက်ဖျင်တဲများမှာ အပြာရောင် အရှယ်တူ၊ ဆိုက်တူ၊ ပုံစံတူလေးများဖြစ်ပြီး ရွက်ဖျင်တဲတိုင်း နံပါတ်လေးများ တပ်ထားသည်ကို တွေ့ရသည်။ ထို့နောက် အထူးကယ်ဆယ်ရေးစခန်းအတွင်း စောင့်ရှောက်ထားသော မိသားစုများနှင့် ပတ်သက်ပြီး မေးမြန်းရာ "အိမ်ထောင်စု ၄၀ရှိပြီး အမျိုးသား ၁၁၀နဲ့ အမျိုးသမီး ၁၂၈ဦး ရှိပါတယ်၊ စုစုပေါင်း ၂၃၈ ဦးပါ။ သူတို့တွေအားလုံးကို နေထိုင်ရေး၊ စားသောက်ရေးနဲ့ ကျန်းမာရေးကအစ အားလုံးတာဝန်ယူထောက်ပံ့ ဖြည့်ဆည်းပေးနေပါတယ်" ဟု ရှင်းပြသည်။

အချိန်ပြည့်စောင့်ရှောက်

ယခု အထူးကယ်ဆယ်ရေးစခန်းတွင် ၂၄ နာရီအချိန်ပြည့် တာဝန်ယူစောင့်ရှောက်နေသူများမှာ ကျန်းမာရေးလုပ်ငန်းအတွက် ဆရာဝန်တစ်ဦးနှင့် သူနာပြုလေးဦး၊ ကြက်ခြေနီ အရာရှိတစ်ဦးနှင့် အကူကြက်ခြေနီ၂၀၊ မီးသတ်တပ်ဖွဲ့အရာရှိတစ်ဦးနှင့် မီးသတ်တပ်ဖွဲ့ဝင်၁၅ဦးအပြင် လူမှုရေး အဖွဲ့အစည်းများက အချိန်ပြည့်စောင့်ရှောက် ဖြည့်ဆည်းပေးလျက်ရှိသည်။

"မနက်ည အလှူရှင်တွေက ထမင်းထုပ်တွေ ဝေပေးနေတော့ အဆင်ပြေပါတယ်"

ဦးဇော်ဝင်း
အမှတ် (၅)ရွက်ဖျင်တဲ

ကြက်သားအာလူးဟင်း ထမင်းထုပ်များကို ညနေစာအဖြစ် အထူးကယ်ဆယ်ရေးစခန်း၌ ဤသို့ ဝေငှပေးသည်။

ဖြည့်ဆည်းပေး

ထောက်ပံ့ရေးပစ္စည်းများ ဖြန့်ဝေမှုနဲ့ ပတ်သက်ပြီးမေးမြန်းရာ ဦးကြည်ဝင်းက "နိုင်ငံတော်နဲ့ နိုင်ငံတကာက ထောက်ပံ့တဲ့ ပစ္စည်းတွေ၊ အလှူရှင်တွေက လှူဒါန်းတဲ့ ပစ္စည်းတွေကို စာရင်းနဲ့တကွ စနစ်တကျ မျှတစွာရရှိအောင် ဖြန့်ဝေပေးနေပါတယ်။ ရွက်ဖျင်တဲတိုင်းကို ၂၀လီတာဝင်ရေသန့်ဘူးကြီးတစ်ဘူးစီ ပေးထားသလို လိုအပ်ရင်လဲ ပေးပါတယ်။ရေချိုးဖို့အတွက်လဲ ရွှေတောင်စီးပွားရေးလုပ်ငန်းအုပ်စုနဲ့ မြို့နယ်မီးသတ်တပ်ဖွဲ့တို့က ပံ့ပိုးဖြည့်ဆည်းကူညီပေးနေလို့ အလုံအလောက် အသုံးပြုနိုင်ပါတယ်။ ဒါ့အပြင် ရွက်ဖျင်တဲတိုင်း နှစ်ပေမီးချောင်းတွေ တပ်ဆင်ပေးထားတဲ့အပြင် ည၇နာရီမှ ၉နာရီအထိ ဗီဒီယိုရုံအဖြစ်သတ်မှတ်ထားတဲ့ ရွက်ဖျင်တဲမှာ ကြည့်ရှုလို့ရအောင် စီစဉ်ပေးထားပါတယ်။ ရေချိုးဖို့နဲ့ အခြားသုံးစွဲဖို့အတွက် ရေစည်လှေကြီးတစ်စင်းကိုတော့ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးက စီစဉ်ဖြည့်ဆည်းပေးထားတာဖြစ်ပါတယ်" ဟု ရှင်းပြသည်။

အသုံးအဆောင်ပစ္စည်းများ

ထို့နောက် လေဘေးသင့်သူများထားရှိရာ ရွက်ဖျင်တဲများဘက်သို့သွားရောက်ကာ လေဘေးသင့်ခံရသူများနှင့် တွေ့ဆုံမေးမြန်းခဲ့ရာ ရွက်ဖျင်တဲ အမှတ် (၁)၌ နေထိုင်သူ မဝေဝေစမ်းက "ကျွန်မကတောင်ဒဂုံ(၁၇) ရပ်ကွက် အပိုင်း၁၊ အိမ်နံပါတ် ၆၈၅မှာ နေထိုင်သူဖြစ်ပါတယ်၊ မုန်တိုင်းဒဏ်ခံရပြီး အိမ်ပြိုသွားခဲ့လို့ အခုလိုအထူးကယ်ဆယ်ရေးစခန်းကို ရောက်ရှိခဲ့တာပါ။ ဒီမှာနေ့တိုင်း အစားအသောက် လှူဒါန်းတဲ့သူတွေရှိတယ်။ ကယ်ဆယ်ရေး အသုံးအဆောင်ပစ္စည်းတွေဖြစ်တဲ့ အဝတ်အထည်၊စောင်၊ ခြင်ထောင်၊ ဆန်၊ ဆီ၊ဆားစတဲ့ ပစ္စည်းတွေ ရရှိပါတယ်၊ ကျွန်မတို့ မိသားစု လုံလုံလောက်လောက် အသုံးပြုလို့ရပါတယ် "ဟု ဖြေကြားသည်။ ရွက်ဖျင်တဲအတွင်း အဝတ်အထည်၊ စောင်၊ ခြင်ထောင်အသစ်များ၊ ခေါက်ဆွဲခြောက်များ အပါအဝင် အခြားအသုံးအဆောင်ပစ္စည်းများကို တွေ့ရသည်။

တစ်ဖန် ရွက်ဖျင်တဲ အမှတ်(၅)၌ နေထိုင်သူ ဦးဇော်ဝင်းအား သူ၏ ရွက်ဖျင်တဲသို့ သွားရောက် တွေ့ဆုံမေးမြန်းရာ "မုန်တိုင်းကြောင့် ကျွန်တော့်အိမ်ပြိုသွားလို့ ဒီအထူးကယ်ဆယ်ရေးစခန်းမှာ နေထိုင်တာပါ၊ ကျွန်တော့် မိသားစုက စုစုပေါင်း ၁၂ ဦးရှိပေမယ့် ရွက်ဖျင်တဲက ကျယ်တာမို့ နေထိုင်ရတာ အဆင်ပြေပါတယ်၊ မနက်၊ည ထမင်းထုပ်တွေ ဝေပေးနေတာကြောင့် ကျွန်တော်တို့ကိုပေးထားတဲ့ဆန်တွေ၊ ဆီတွေတောင် ချက်စားဖို့မလိုပါဘူး၊ ကျွန်တော့် ဇနီးကကျန်းမာရေးမကောင်းတာမို့ နေ့တိုင်း ဆေးခန်းသွားပြရတယ်၊ ဒါလည်း အခမဲ့ပါပဲ၊ အသုံးအဆောင်၊ အဝတ်အထည်တွေ အားလုံးရရှိပါတယ်" ဟု ပြောကြားသည်။

ရွက်ဖျင်တဲအတွင်းဝင်ကြည့်ရာ အသုံးအဆောင်ပစ္စည်းများ၊ အဝတ်အထည်များနှင့် ရိက္ခာခြောက်များကို တွေ့ရသည်။ ထို့နောက် ရွက်ဖျင်တဲ အမှတ် (၂)တွင် နေထိုင်သော မမာမာအေးနှင့် ဆက်လက်တွေ့ဆုံမေးမြန်းရာ "ကယ်ဆယ်ရေးပစ္စည်းတွေကတော့ ဒန်အိုး၊ ဒန်ခွက်၊ ရေသန့်၊ အဝတ်အထည်နဲ့ ဆန်၊ ဆီ၊ ဆား တွေကအစရရှိပါတယ်၊ နေထိုင်စားသောက်ရတာ လုံခြုံမှုနဲ့ အဆင်ပြေမှုရှိတယ်၊ မိသားစုလေးဦးဆိုတော့ နေထိုင်ရတာ ကျယ်ဝန်းပါတယ်" ဟု ပြောကြားသည်။

ထို့နောက် အထူးကယ်ဆယ်ရေး စခန်းတွင် ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်နေသော သူနာပြုဆရာမ ဒေါ်လှလှဝင်းရွှေကို ဆက်လက်မေးမြန်းရာ "သုံးရေအတွက် တစ်နေ့ကိုတစ်ကြိမ် ကလိုရင်းဆေးတွေ ခတ်ပေးပါတယ်၊ အိမ်သာတွေကို ထုံးမှုန့်ဖြူးပေးသလို ရွက်ဖျင်တဲတွေ တစ်လုံးစီ နေ့စဉ်လိုက်လံ စစ်ဆေးပါတယ်၊ ကူးစက်ရောဂါတွေ မဖြစ်ပွားအောင်လည်း ပညာပေးမှုတွေ လုပ်ဆောင်ပေးနေသလို နေ့စဉ်လူနာ ၂၇ ဦးလောက်ကို ဆေးကုသပေးနေပါတယ်၊ အနီးပတ်ဝန်းကျင်က လူတွေကိုလည်း ဆေးဝါးကုသပေးမှု ဆောင်ရွက်ပေးပါတယ်" ဟု ပြောကြားသည်။

အမေး၊ အရေး-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

အထူးကယ်ဆယ်ရေး စခန်းအတွင်း ဖွင့်လှစ်ထားသော ကျန်းမာရေး ဆေးခန်း၌ လူနာများအား ဤသို့ ဆေးဝါးကုသမှုပေးလျက်ရှိသည်။



"ကယ်ဆယ်ရေး ပစ္စည်းတွေ ဖြစ်တဲ့ အဝတ်အထည်၊ စောင်၊ ခြင်ထောင်တွေ အပြည့်အစုံ ရရှိပါတယ်"

မဝေဝေစမ်း
အမှတ်(၁)ရွက်ဖျင်တဲ

လေဘေးသင့်ခံရသူများအား အထူးကယ်ဆယ်ရေးစခန်းအတွင်း အဘက်ဘက်မှ အတတ်နိုင်ဆုံး ဖြည့်ဆည်းထောက်ပံ့ ကူညီဆောင်ရွက်ပေးနေမှုမှာ နိုင်ငံတော်၊ စေတနာရှင်ပြည်သူများနှင့် လူမှုရေး အဖွဲ့အစည်းများ၏ စေတနာ အရင်းခံသော ဆောင်ရွက်မှုပင် ဖြစ်ပါကြောင်း။ ။

(မြန်မာ့အလင်း)

ရန်ကုန်အရှေ့ပိုင်းခရိုင်ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၌ ဖွင့်လှစ်ထားသော အထူးကယ်ဆယ်ရေးစခန်း အနေအထားမြင်ကွင်း။

ကမ္ဘာ့ဝိပဿနာစေတီတော်ကြီးရွှေသင်္ကန်းတော်အလှူ

အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့တွင် တည်ဆောက်လျက်ရှိသော ကမ္ဘာ့ဝိပဿနာစေတီတော်ကြီး၏ ၄ုက်ပျောဖူးတော်တွင် ရွှေသင်္ကန်းကပ်လှူမည်ဖြစ်ပါသည်။

လှူဒါန်းလိုသောအလှူရှင်များသည် ရွှေစင်ရွှေသား တစ်ပေပတ်လည် ခြောက်ကျပ်သားနှုန်းဖြင့်လှူဒါန်းနိုင်ပါသည်။

သုံးကျပ်သား၊ နှစ်ကျပ်သား၊ တစ်ကျပ်သားကိုလည်း အလှူလက်ခံပေးနေပါသည်။

အလှူရှင်များသည် အောက်ဖော်ပြပါလိပ်စာများသို့ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်းနိဗ္ဗာန်အကျိုးမျော်၍နှိုးဆော်အပ်ပါသည်။

ဆက်သွယ်လှူဒါန်းရန် အပြည်ပြည်ဆိုင်ရာ ဓမ္မဂီရိဝိပဿနာအဖွဲ့၊ အမှတ် ၇၇ ရွှေဘုံသာလမ်း (အောက်)၊ ပန်းဘဲတန်းမြို့နယ်၊ ဖုန်း-၂၄၅၂၀၅၊ ၂၅၃၆၀၁၊ ဦးကျော်ခင်မြင့် (မဟာသဒ္ဓမ္မဇောတိကဓဇ သီဟသုဓမ္မမဏိဇောတရေ) အမှတ် ၁၃၄၊ ရွှေဘုံသာလမ်း(အောက်)၊ ပန်းဘဲတန်းမြို့နယ်၊ ဖုန်း-(ရုံး)၃၇၂၄၆၇၊ ၂၄၆၀၇၇၊ ၀၉-၅၁-၄၈၄၈၉၊ ကဆုန်လပြည့်အကြိုနေ့၊ ၁၈-၅-၂၀၀၈ရက် (တနင်္ဂနွေနေ့)တွင် အထက်လိုဏ်ဂူပိတ်ပွဲပြုလုပ်မည်ဖြစ်ပါကြောင်း အလှူရှင်များအားအသိပေးအပ်ပါသည်။

ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများအက်ဥပဒေအရ ၂၀၀၈ခုနှစ် မေလ ၁၉ရက်(တနင်္လာနေ့)သည် ကဆုန်လပြည့်နေ့ အများပြည်သူ အလုပ်ပိတ်ရက်ဖြစ်ပါသဖြင့် ၎င်းနေ့တွင် ဘဏ်အားလုံးပိတ်ထားလိမ့်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်။

တင်ဒါကြော်ငြာ

ရက်စွဲ ၂၀၀၈ခုနှစ် မေလ ၁၄ရက်

ရောင်းချမည့်ပစ္စည်း - ရေစိုစီးကရက်အစီခံ(၇ဒသမ၃)တန်

ရောင်းချမည့်နေရာ - အမှတ်၄၉၊ မယ်စီကုန်းလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်အမှတ်(၁) စီးကရက်စက်ရုံ

တင်ဒါပိတ်မည့်နေ့ - ၁၉-၅-၂၀၀၈ရက် ညနေ၃း၀၀နာရီ

စက်ရုံမှူးသို့လိပ်မူ၍ ချိပ်ပိတ်တင်ဒါတင်သွင်းရန်။

Central Link

(၁၀၂)နှစ်ပြည့် YMBA အသင်းကြီး နှစ်ပတ်လည်ညီလာခံကျင်းပမည်

၂၀၀၈-၂၀၁၀ ခုနှစ်အတွက် အသင်းအမှုဆောင်သစ်ရွေးချယ်မည်ဖြစ်ပါ၍ ပါဝင်ဆောင်ရွက်လိုသူများသည် ရုံးချိန်အတွင်း လျှောက်လွှာများလာရောက်ထုတ်ယူ၍ ၂၀၀၈ ခုနှစ် မေ ၁ ရက်မှ ၃၁ ရက်နောက်ဆုံးထား၍လျှောက်လွှာများတင်သွင်းနိုင်ပါကြောင်း အသင်းဝင်များကို အသိပေးအပ်ပါသည်။

နှစ်ပတ်လည် ညီလာခံအား ၂၀၀၈ခု ဇွန်၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အမှတ် (၇၅/၇၇) ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်အသင်းတိုက်၌ ကျင်းပမည်ဖြစ်ပါ၍ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အသင်းဝင်များ တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

အတွင်းရေးမှူး။

အာနဃ

အထွေထွေကိုယ်စားလှယ်လွှဲစာပြန်လည်ရုပ်သိမ်းကြောင်း အသိပေးကြေညာချက်

ဧရာဝတီတိုင်း၊ ဝါးခယ်မမြို့နယ်၊ ရွှေလောင်းကျေးရွာ၊ အိမ်အမှတ် ၅၅၅၊ သီတာလမ်း၊ ရေကျော်ရပ်ကွက်၌နေထိုင်သူ ဒေါ်ကြည်ကြည်လှ ၁၄/ဝခမ(နိုင်)၀၄၆၁၃၉ က မြောင်းမြမြို့နေ(အစ်ကိုဝမ်းကွဲ)တော်စပ်သူ အဖ ဦးတင်အေး၏သား ဦးသန်းနိုင် ၁၄/မမန(နိုင်)၁၄၀၉၈၆ အား ဝါးခယ်မမြို့နယ် မြေစာရင်းရုံး၌ ရွှေလောင်းအမဲသားသတ်လိုင်စင် လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၅/၀၇-၆၊ အတွဲ(၁)၊ ၃၈(၅-၉-၂၀၀၇)အား ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းကြောင်း အသိပေးကြေညာအပ်ပါသည်။ အဆိုပါ အထွေထွေကိုယ်စားလှယ်လွှဲစာလွှဲအပ်ရာတွင် ကျွန်မ၏ မရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ ရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်းနှင့် တစ်နည်းနည်းအားဖြင့် လွှဲပြောင်းမပါရှိသဖြင့် ယင်းကိစ္စရပ်များ ရှိနေပါက ကျွန်မအနေဖြင့် တာဝန်မယူကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ကြည်ကြည်လှ

အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းသူ။

အမှားပြင်ဆင်ချက်

၂၇-၄-၂၀၀၈ရက် စစ်တွေမြို့၌ မောင်အောင်မင်းနှင့် မမယ်သူမောင်တို့၏ မင်္ဂလာဆွေ့ခံပွဲ ကျေးဇူးတင်လွှာကို ၂-၅-၂၀၀၈ရက် မြန်မာ့အလင်းသတင်းစာတွင် ဦးကျင့်ဇကပ်အား ခရိုင်တရားသူကြီးဟု ဖော်ပြခဲ့သည်ကို မြို့နယ်တရားသူကြီးဟု ပြင်ဆင်ဖတ်ရှုပါရန် တောင်းပန်အပ်ပါသည်။

မောင်အောင်မင်း-မမယ်သူမောင်။

TRC
(၂၀၀၈ မေလ အင်တာဗျူးများ)
Super Market@ Dubai
" Sales Assistants "
Engineers Jobs@ Dubai
"Civil . Electrical . Mechanical"
Hotel Positions @ Dubai will be coming soon

ကျန်းမာရေးအတွက်သောက်ရေ

မြစ်ရေ၊ ချောင်းရေ၊ ဆည်ရေ၊ တွင်းရေ၊ အဝီစိရေနှင့် ရေအမျိုးမျိုး အတွက် ကျန်းမာရေးအရ အန္တရာယ်မဖြစ်စေရန်

သောက်ရေသန့်စက်နှင့် သုံးရေသန့်စက်များကို ဈေးနှုန်းချိုသာစွာဖြင့် အမြန်ဆုံးတပ်ဆင်ပေးနေပါသည်။ လှူဒါန်းမည့် အလှူရှင်များ၊ ဌာနဆိုင်ရာများ၊ သံရုံးများနှင့် N.G.O များ အတွက် ကုသိုလ်မျှဝေပြီး သက်သာစွာဖြင့် စီစဉ်ပေးနေပါသည်။

ရှုပရင်: Water Doctor

87/88, Bahosi Complex, Bogyoke Aung San Rd, Lanmadaw Tsp, Yangon.
Ph : 01 229791-2-4-5-6-7, 01-215549, 215673, 09 20 23503, 067-21032, 23002-4
Hot Line : 0980 23809, 0950 08204

အိမ်မိုးသွပ်ပြားများရောင်းရန်ရှိပါသည်

အမှန်တကယ်အသုံးပြုရန် လိုအပ်လျက်ရှိသောသူများအတွက်ပေ **6** ပေ၊ **7**ပေ၊ **8** ပေ၊ **9** ပေ၊ **10** ပေ **Size** အမိုးသွပ်ပြားများကို ရောင်းချပေးနေပါသည်။ တစ်ဆင့်ပြန်လည်ရောင်းချမည့်သူများအား ရောင်းပေးမည်မဟုတ်ပါ။

ဆက်သွယ်ရန်လိပ်စာ- ဟိန်းကမ္ဘာကုမ္ပဏီလီမိတက်

၁။ - အခန်း ၁၆၊ ကျွန်းရွှေဝါလမ်း၊ ဘုရင့်နောင်ပွဲရုံ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၆၈၃၅၉၁

၂။ - ၈/ ၆၄၊ စိန်ပန်းလမ်း၊ ဘုရင့်နောင်ပွဲရုံ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၆၈၆၄၀၀၊ ၉၀-၅၀-၀၇၄၀၂။

အထက(၂)ပုသိမ် အာစရိယပူဇော်ပွဲ

ရန်ကုန် မေ ၁၄

ပုသိမ် အထက(၂) ယခင်အမျိုးသား အထက်တန်းကျောင်း အာစရိယပူဇော်ပွဲသို့ တက်ရောက်ရန် မေ ၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၆နာရီတွင် တိပိဋကဓမ္မရက္ခိတဗိမာန်တော် အမှတ် ၈၅ ကြားတောရလမ်း ဗဟန်းမြို့နယ်မှ ထွက်ခွာမည်ဖြစ်သည်။ လိုက်ပါမည့် ဆရာ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများသည် မေ ၁၅ရက်နောက်ဆုံးထား၍ ဗိုလ်မှူးသောင်းရွှေ (ငြိမ်း)-ဒေါ်ဝင်းကြည် ဖုန်း- ၅၅၄၉၅၀နှင့် ဦးဝင်းအောင်-ဒေါ်ကြည်အေး ဖုန်း-၅၇၃၅၅၄ တို့သို့ ဆက်သွယ်ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။

(က-ပ)

အောင်မင်္ဂလာမြေဇင်းတောရ ရက် ၆၀ တရားစခန်းသိမ်း အောင်ပွဲ

ရန်ကုန် မေ ၁၄

မောင်းထောင် မြေဇင်းတောရ ဆရာတော်ကြီး၏ တပည့်ယောဂီများစုပေါင်းတည်ထောင်သော ကန္တီဥပနိဿယ (မောင်းထောင်မြေဇင်းတောရတိုက်ခွဲ အောက်မြန်မာပြည်) အောင်မင်္ဂလာမြေဇင်း တောရရိပ်သာ၌ ဒုတိယအကြိမ် ရက် ၆၀ တရားစခန်းသိမ်း အောင်ပွဲကို ၁၃၇၀ ပြည့်နှစ် ကဆုန်လပြည့်နေ့ (မေ ၁၉ရက်) (တနင်္လာနေ့)နံနက် ၉နာရီတွင် ဗုဒ္ဓဘုရားပွင့်တော်မူရာ မဟာဗောဓိပင်စိုက်ပျိုးကုသိုလ်ယူရင်း ကျင်းပမည်ဖြစ်သည်။ မည်သူမဆို ကြွရောက်ကြည်ညိုသာသနာပြုနိုင်ရန် ဘွတ်ကြီးကျေးရွာ မှော်ဘီမြို့နယ် (ထောက်ကြန့်တိုးဂိတ်ဘယ်ဘက်ခြမ်း) အောင်မင်္ဂလာမြေဇင်းတောရရိပ်သာ အမှုဆောင်အဖွဲ့က ဖိတ်ကြားနှိုးဆော်ထားသည်။

(က-ပ)

Pipe Fitter
Structural Steel Fitting
Welding (4G)
KABAR - TIONG SENG TRAINING & TESTING CENTRE

သင့်သွေးဖြင့် အသက်ကယ်ပါ

အဲရစ်ဆင်ရဲ့ အနာဂတ် ဘယ်လိုလဲ

လန်ဒန် မေ ၁၄

၂၀၀၇-၂၀၀၈ပရီမီယာလိဂ် ဘောလုံးရာသီပြီးဆုံးချိန်မတိုင်မီကတည်းက အသင်းပြောင်းရွှေ့မယ့် နည်းပြတွေ၊ ဘောလုံးသမားတွေရဲ့ သတင်းတွေအများကြီး ထွက်ပေါ်လာပါတယ်။ အများအားဖြင့် နာမည်ကြီးနည်းပြတွေ၊နာမည်ကြီး ဘောလုံးသမားတွေရဲ့ အပြောင်းအရွှေ့ သတင်းတွေပဲဖြစ်ပါတယ်။

ဒီသတင်းတွေအထဲမှာမှအသင်းပြောင်းရွှေ့ဖို့ ဆုံးဖြတ်လိုက်ပြီဖြစ်တဲ့ နည်းပြကတော့ မန်စီးတီးနည်းပြ အဲရစ်ဆင်ပဲ ဖြစ်ပါတယ်။ အင်္ဂလန်နည်းပြဟောင်းအဲရစ်ဆင်ဟာ မန်စီးတီးအသင်းကို စတင်ကိုင်တွယ်ကတည်းက ပရီမီယာလိဂ်ထိပ်ဆုံးလေးသင်းစာရင်းဝင်အောင် ကြိုးစားပေးသွားမယ်လို့ကြွေးကြော်ပြီးကိုင်တွယ်ခဲ့ခြင်းပဲ ဖြစ်ပါတယ်။

အဲရစ်ဆင်

အသင်းပြောင်းရွှေ့ရန် သေချာနေသော မန်ချက်စတာစီးတီးအသင်း နည်းပြ အဲရစ်ဆင်။

(အင်တာနက်ဓာတ်ပုံ)

စိုးရိမ်စိတ်ဝင်ခဲ့

ရာသီအစပွဲဦးတွေမှာတော့မန်စီးတီးအသင်း ဆက်တိုက်အောင်ပွဲတွေရယူနိုင်ခဲ့လို့ လီဗာပူးအသင်းနည်းပြ ဘင်နီတက်ဇ်ကတောင် သူ့လီဗာပူးအသင်းရပ်တည်ချက်ခိုင်မာပါ့မလားလို့ စိုးရိမ်စိတ်ဝင်ခဲ့ရတယ်လို့ ဆိုပါတယ်။

ဒါပေမယ့် ရာသီကုန်ချိန်မှာတော့ မန်စီးတီးဟာ အဆင့်ကိုးနေရာသာ ချိတ်နိုင်ခဲ့လို့ မျက်နှာပန်းမလှ ဖြစ်ခဲ့ရပါတယ်။ မန်စီးတီးအသင်းဟာပရီမီယာလိဂ် ၃၈ပွဲကစားပြီးချိန်မှာ ၁၅ပွဲနိုင်၊၁၀ပွဲသရေ၊ ၁၃ပွဲရှုံးခဲ့ပြီး အထူးသဖြင့် အဝေးကွင်းတွေမှာ ရှုံးပွဲတွေ များခဲ့ပါတယ်။

ဒီလို ရှုံးပွဲတွေ များခဲ့တာဟာ အဲရစ်ဆင်ရဲ့ လူအခင်းအကျင်းနဲ့ ပွဲတွေကစားတဲ့အခါ အချိန်ကိုက် လူအစားထိုးမှုကို မှန်မှန်ကန်ကန် မလုပ်နိုင်ခဲ့ဘူး လို့ဆိုပါတယ်။ ဒါကြောင့် အချို့ပွဲတွေမှာ နိုင်သင့်ပေမယ့်သရေပွဲ၊ ရှုံးပွဲတွေ တိုးခဲ့တာလည်း ပါဝင်ခဲ့တယ်လို့ မန်စီးတီးကလပ် အမှုဆောင်ဘုတ်အဖွဲ့ရဲ့ သုံးသပ်မှုတွေမှာ ဖော်ပြထားပါတယ်။

အဲရစ်ဆင်ဟာ လောလောဆယ်မှာတော့ မန်စီးတီးအသင်းက ထွက်ခွာသွားတော့မယ်ဆိုတဲ့ သတင်းတွေအပေါ်လာမယ့် သီတင်းပတ်တွေမှာတော့ သူ့ရဲ့အနာဂတ်ကို ဆုံးဖြတ်သွားမှာဖြစ်ကြောင်း ပြောကြားနေပေမယ့် အင်္ဂလန် မီဒီယာတွေကတော့ အဲရစ်ဆင်ဟာ ဘင်ဖီကာအသင်းမှာ နည်းပြအဖြစ် တာဝန်ယူတော့မယ်လို့ ဖော်ပြနေကြပါတယ်။

အဆင့်ကိုး

ဘယ်လိုပဲဖြစ်ဖြစ် အဲရစ်ဆင်ဟာ မန်စီးတီးကိုတော့ အတိုင်းအတာတစ်ခုအထိအောင်မြင်မှုရအောင် ဆောင်ရွက်နိုင်ခဲ့တဲ့ နည်းပြတစ်ဦးဆိုတာကတော့ ငြင်းလို့မရပါဘူး။ဘာဖြစ်လို့လည်းဆိုတော့ ပြီးခဲ့တဲ့၂၀၀၆-၂၀၀၇ဘောလုံးရာသီမှာ မန်စီးတီးရဲ့အဆင့်ရပ်တည်မှုက ၁၄ ဖြစ်ပါတယ်။ ဒီနှစ်မန်စီးတီးရဲ့ ရပ်တည်မှုကအဆင့်ကိုးဖြစ်နေလို့ပါပဲ။

ပြောကြား

ဒီလိုအဆင့် ရပ်တည်မှု မြင့်တက်လာ တာနဲ့ပတ်သက်ပြီး မိမိဟာ မန်စီးတီး အသင်းကိုတိုးတက်အောင်ဆောင်ရွက်နိုင်ခဲ့တာမို့ကျေနပ်တယ်လို့ ဆွီဒင်နိုင်ငံသား အဲရစ်ဆင်က ပြောကြားနေပါတယ်။ မန်စီးတီးအနေနဲ့ ဒီထက်အောင်မြင်မှု ရချင်ရင်တော့ အရည်အသွေးမြင့်မားတဲ့ ဘောလုံးသမားတွေ ထပ်ပြီး ဝယ်ယူဖို့ လိုအပ်တယ်လို့လည်း ဆိုနေပါတယ်။

မန်စီးတီးကို လူငယ်ခြေတက် ဘောလုံးသမားတွေနဲ့ ပြန်လည်ဖွဲ့စည်းပြီး အောင်မြင်မှုရအောင် စွမ်းဆောင်မှ ဖြစ်မယ်လို့ဆွီဒင်ကြီးက သုံးသပ်ထားပါတယ်။ ဒီနှစ်ဘောလုံးရာသီမှာ မိမိတို့ ကောင်းမွန်စွာ ကစားနိုင်ခဲ့ပေမယ့် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့တာတော့ မဟုတ်ကြောင်းလည်းဆိုပါတယ်။

အဲရစ်ဆင်ဟာ ပေါ်တူဂီကလပ် ဘင်ဖီကာကို တတိယအကြိမ်မြောက် နည်းပြအဖြစ် ကိုင်တွယ်ဖို့ ခြေလှမ်းပြင်နေပြီလို့ သတင်းတွေက အခိုင်အမာ ထွက်ပေါ်နေပါတယ်။အဲရစ်ဆင်ဟာ ၁၉၈၀ပြည့်နှစ်နဲ့ ၁၉၈၉ခုနှစ်တွေမှာ ဘင်ဖီကာအသင်းကို နှစ်ကြိမ်တိုင်တိုင် နည်းပြအဖြစ် ကိုင်တွယ်ခဲ့ဖူးသူတစ်ဦး ဖြစ်ပါတယ်။

ဒါကြောင့် အင်္ဂလန်နည်းပြဟောင်းနဲ့ မန်စီးတီးနည်းပြ အဲရစ်ဆင်ရဲ့ အနာဂတ်ဟာ ဘယ်လိုဖြစ်လာမလဲဆိုတာ စောင့်ကြည့်ရမှာ ဖြစ်ပါကြောင်း။ ။

မောင်မောင်မြင့်ဆွေ
ရေးသားသည်

အင်တာနက်သတင်းအတိုအထွာ

- **အာဆင်နယ်အသင်းသည် မန်စီးတီးခံစစ်မှူး ရစ်ချတ်ဒွန်နီကို ပေါင်တစ်သန်းဖြင့် ခေါ်ယူဖွယ်ရှိသကဲ့သို့ စတုဂတ်တိုက်စစ်မှူး မာရီယိုဂိုမက်ဇ်ကိုလည်း ပေါင်၁၀သန်းဖြင့် ခေါ်ယူရန် ပစ်မှတ်ထားနေသည်။**
- ဘာမင်ဂမ်ဂိုးသမားတေလာအား လီဗာပူးနည်းပြရာဖေးလ်ဘင်နီတက်ဇ်က ခေါ်ယူရန် တာစူနေသည်။
- **မန်စီးတီးပိုင်ရှင်သက်ဆင်သည် နည်းပြအဲရစ်ဆင်၏နေရာတွင် ဆက်ခံနိုင်ရန် ဘာစီလိုနာနည်းပြ ဖရန့်ရိကတ်အား ခေါ်ယူလိုသည်ဟု ဆိုသည်။**
- ယခင်က ချယ်လ်ဆီးနှင့် လီဗာပူးအသင်းတို့ ခေါ်ယူရန်ပစ်မှတ်ထားခဲ့သော ဆီဗီလာကစားသမား ဒင်နီယယ်အဲလ်ဗက်စ်သည် ယခုသီတင်းပတ်အတွင်း ယင်းအသင်းကြီးနှစ်သင်းနှင့် ဆွေးနွေးမှုများပြုလုပ်မည်ဟု ၎င်း၏ အေးဂျင့်ကဆိုသည်။
- **မန်ယူအသင်းသည် မြို့ခံပြိုင်ဘက် မန်စီးတီးအသင်းမှ ပေါင်သန်း၂၀တန်ခံစစ်မှူး မီကက်ရှိရစ်ချတ်အား ခေါ်ယူရန် အရှိန်မြှင့်ကြိုးစားလျက်ရှိသည်။**
- အေစီမီလန်အသင်းသည် ဘာစီလိုနာတိုက်စစ်မှူး အီတူးအား ပေါင်၃၂ သန်းဖြင့်ခေါ်ယူရန်ကမ်းလှမ်းခဲ့ပြီးနောက် စပါးအသင်းအနေဖြင့် ၎င်းကစားသမားအား ခေါ်ယူရေး စွန့်လွှတ်ရဖွယ်ရှိသည်။
- **ဝီဂန်နည်းပြ စတီဘရုစ်သည် ဂရိခံစစ်မှူး ဆိုကရာတစ်အား ပေါင်လေးသန်းဖြင့် ခေါ်ယူရန် ကမ်းလှမ်းလျက်ရှိသည်။**
- ရက်ဒင်းအသင်း ပရီမီယာလိဂ်မှ တန်းဆင်းရပြီးနောက် နည်းပြဖြစ်သူ စတိကော့ပဲလ်သည် အသင်းမှ နုတ်ထွက်သွားပြီဖြစ်သည်။
- **ဆန်းဒါးလန်းအသင်းသည် ဝုဖ်အသင်းမှ အိုင်ယာလန်ခံစစ်မှူး ကီဗင်ဖိုလေးအား ပေါင်နှစ်သန်းခွဲဖြင့် ခေါ်ယူရန်စီစဉ်နေသည်။**
- ဝက်စ်ဘရွန်းခံစစ်မှူး ပေါလ်ရော်ဘင်ဆင်သည် ယခုနွေရာသီတွင် ဆဲလ်တစ်အသင်းသို့ ပြောင်းရွှေ့ဖွယ်ရှိနေသည်။

ဂျွန်တယ်ရီနှင့် ဒရော့ဘာ ဒဏ်ရာပြင်းထန်စွာရရှိ ချန်ပီယံလိဂ်အတွက် ချယ်လ်ဆီးစိုးရိမ်မှုပွားနေ

လန်ဒန် မေ ၁၄

ချယ်လ်ဆီးအသင်းသည် ဂျွန်တယ်ရီနှင့်ဒရော့ဘာတို့ (ဓါတ်ပုံ)အား ချန်ပီယံလိဂ် ဗိုလ်လုပွဲကစားနိုင်ရေးဒဏ်ရာမှ အမြန် ပြန်ကောင်းလာရန် မျှော်လင့်ထားသည်။

မန်ယူကဝီဂန်အသင်းကို အနိုင်ရပြီး ပရီမီယာလိဂ်ဖလား ဆွတ်ခူးချိန်တွင် တယ်ရီသည်တံတောင်ဆစ်အရိုးလွဲသွားသည်။ တိုက်စစ်မှူးဒရော့ဘာမှာလည်း ဒူးခေါင်းဒဏ်ရာ ရရှိထားသည်။ ၎င်းကစားသမား နှစ်ဦးသည် ချန်ပီယံလိဂ်ဗိုလ်လုပွဲအတွက် အဓိကအားထားနေရသူများ ဖြစ်သည်။

သို့သော်လည်း တယ်ရီနှင့် ဒရော့ဘာတို့သည် မေ ၂၁ရက်တွင် မော်စကိုမြို့၌ ကစားမည့် ချန်ပီယံလိဂ် ဗိုလ်လုပွဲအတွက် ပါဝင်ကစားရန် မျှော်လင့်ထားကြသည်။

အခိုင်အမာပြောကြား

အဆစ်လွဲသွားသော ဂျွန်တယ်ရီသည် ယင်းပွဲတွင်ပါဝင်ကစားမည်ဖြစ်ကြောင်း အခိုင်အမာ ပြောကြားလျက်ရှိသည်။ ဒရော့ဘာသည် ဒဏ်ရာမှ အချိန်မီ ပြန်ကောင်းနိုင်သည့် အနေအထားမရှိကြောင်း၊ အခြေအနေစောင့်ကြည့်နေရဆဲ ဖြစ်ကြောင်း နည်းပြဂရန့်က ပြောကြားသည်။

ချယ်လ်ဆီး အသင်းခေါင်းဆောင် ဂျွန်တယ်ရီသည် မေ၁၁ရက်က စတမ်းဖို့ဒ်ဘရစ်၌ ဘော်လ်တန်အသင်းနှင့် ကစားရာ ဂိုးသမား ပီတာဆက်ချ်နှင့် တိုက်မိပြီး ထမ်းစင်ဖြင့်ကွင်းထဲမှထွက်သွားရသည်။ **(အင်တာနက်)**

မြင့်မောင်စိုး စုစည်းသည်

ပေါ်တို နောက်တန်းကစားသမား ဘိုစင်ဝါအား ချယ်လ်ဆီးက ပေါင်၁၆သန်းကျော်ဖြင့်ခေါ်ယူ



လန်ဒန် မေ ၁၄

ချယ်လ်ဆီးအသင်းသည် ပေါ်တိုအသင်း ညာနောက်တန်းကစားသမား ဟိုဆေးဘိုစင်ဝါ **(အပေါ်ပုံ)** အား ပြောင်းရွှေ့ကြေးပေါင်၁၆ဒသမ၂သန်းဖြင့် ခေါ်ယူရန် သဘောတူညီလိုက်သည်။

အသက်၂၅နှစ်ရှိ ပေါ်တူဂီလက်ရွေးစင် ဘောလုံးသမားဘိုစင်ဝါသည် ဆေးစစ်မှုခံယူရန် မေ၁၂ရက်က လန်ဒန်သို့ ရောက်ရှိလာသည်။ ၎င်းသည် မန်ယူသို့ရောက်ရှိရန်ရည်မှန်းထားသူဖြစ်သည်။

ဘိုစင်ဝါအား ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံ၌ မွေးဖွားသည်။ သို့သော်လည်း ၎င်းသည် ကလေးဘဝကတည်းက ပေါ်တူဂီနိုင်ငံသို့ ပြောင်းရွှေ့လာပြီး ယင်းနိုင်ငံသား အဖြစ်ခံယူထားသည်။

အဓိကပါဝင်ကစား

ယင်းနောက်တန်း ခံစစ်မှူးသည် ပေါ်တိုအသင်း ၂၀၀၄ခုနှစ်က ချန်ပီယံလိဂ်ဖလားဆွတ်ခူးခဲ့စဉ် အဓိကပါဝင်ကစားခဲ့သူဖြစ်သည်။ ၂၀၀၃ခုနှစ်မှစပြီး ပေါ်တိုအသင်းက ၎င်းအား စာချုပ်ခဲ့ပြီးနောက် ပေါ်တိုအသင်းနှင့်အတူ လိဂ်ဖလား လေးလုံးကိုလည်း ဆွတ်ခူးနိုင်ခဲ့သည်။

(အင်တာနက်)

အမျိုးသားတုတ်ထောက်အမြင့်ခုန်ပွဲ ဘရက်ဝေါလ်ကာ အနိုင်ရဗိုလ်စွဲ

အိုဆာကာ မေ ၁၄

ဂျပန်နိုင်ငံအိုဆာကာမြို့တွင် မေ ၁၁ရက်က နိုင်ငံတကာ ပြေးခုန်ပစ်ပြိုင်ပွဲကို စတင်ကျင်းပရာ ကမ္ဘာ့နိုင်ငံများမှ ပြေးခုန်ပစ်အားကစားသမားများပါဝင်ဆင်နွှဲကြသည်။

အဆိုပါပြေးခုန်ပစ်ပြိုင်ပွဲ၏ အမျိုးသား တုတ်ထောက်အမြင့်ခုန် ပြိုင်ပွဲ၌ အမေရိကန် တုတ်ထောက် အမြင့်ခုန်သမားဘရက်ဝေါလ်ကာ (ဓါတ်ပုံ)က ပထမ ရရှိခဲ့သည်။

(အင်တာနက်)

ဒူးခေါင်း ဒဏ်ရာ ရရှိ ထားသဖြင့် ယူရို-၂၀၀၈ ပြိုင်ပွဲနှင့် လွဲချော်မည့် ချက်အသင်း ခေါင်းဆောင် ရိုဆစ်စကီး။

(အင်တာနက်ဓာတ်ပုံ)

ချက်အသင်းခေါင်းဆောင် ရိုဆစ်စကီး ဒဏ်ရာကြောင့် ယူရိုပြိုင်ပွဲနှင့် လွဲမည်

လန်ဒန် မေ ၁၄

အာဆင်နယ် ကွင်းလယ်ကစားသမား သောမတ်စ်ရိုဆစ်စကီးသည် ဒူးဒဏ်ရာရရှိထားသဖြင့်နွေရာသီတွင် ကစားမည့် ယူရို-၂၀၀၈ပြိုင်ပွဲ၌ ချက်အသင်းအတွက် ပါဝင်ကစားပေးနိုင်လိမ့်မည် မဟုတ်ကြောင်း ၎င်း၏ အေးဂျင့်က ပြောကြားသည်။

မကစားနိုင်

ချက်အသင်းခေါင်းဆောင် ရိုဆစ်စကီးသည် ဇန်နဝါရီလကတည်းက ဒူးခေါင်း ဒဏ်ရာ ရရှိထားသဖြင့် အာဆင်နယ် အသင်းအတွက် ကစားမပေးနိုင်ခဲ့ပေ။ ဒူးခေါင်းဒဏ်ရာမှာ ထပ်မံ ခွဲစိတ်ရမည်ဖြစ်၍ လာမည့် ယူရို-၂၀၀၈ပြိုင်ပွဲတွင် မကစားနိုင်တော့ကြောင်း ရိုဆစ်စကီးက ပြောကြားသည်။

ချက်အသင်းသည် ဇွန် ၇ ရက်တွင် စတင်ကစားမည့် ယူရို-၂၀၀၈ အုပ်စု ပြိုင်ပွဲများ၌ ဆွစ်ဇာလန်၊ ပေါ်တူဂီနှင့် တူရကီ အသင်းများနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

(အင်တာနက်)

ဝစ်တာ၏ ဒဗလျူဘီစီ ချန်ပီယံခါးပတ် ဘရက်တလေ အမှတ်ဖြင့် အနိုင်ယူ

လန်ဒန် မေ ၁၄

ဗြိတိသျှ လက်ဝှေ့သမား ဂျူနီယာဝစ်တာ(**ယာပုံ**)သည် အမေရိကန် လက်ဝှေ့သမား ဘရက်တလေအား ရှုံးနိမ့်သွားသဖြင့် ၎င်း၏ ဒဗလျူဘီစီ လိုက်ဖ်ဝယ်တာ ဝိတ်တန်း ချန်ပီယံ ခါးပတ်ဆုံးရှုံးသွား၍ ရစ်ကီးဟတ်တန်နှင့် ဆက်လက်ထိုးသတ်ရန် အစီအစဉ်မှာ ပျက်ပြယ်သွားသည်။

ဘရက်တလေနှင့်ဂျူနီယာဝစ်တာတို့သည် နော့တင်ဟမ်၌ ထိုးသတ်ခဲ့ကြရာ ဘရက်တလေက အမှတ်ဖြင့်နိုင်ပြီး လိုက်ဖ်ဝယ်တာ ဝိတ်တန်း ချန်ပီယံခါးပတ်ကို ရယူသွားခဲ့သည်။

ရှုံးနိမ့်

ဝစ်တာသည် ခြောက်ချီ မြောက်တွင် ဘရက်တလေ၏ ပြင်းထန်သော ညာလက်သီးထိခဲ့၍ နောက်သို့လဲကျသွားသည်။ ယင်းလက်သီးချက်ကြောင့် ဝစ်တာပြန်ထ၍ ကြိုးစားပြီးထိုးသော်လည်း ကောင်းစွာ မထိုးနိုင်သဖြင့် ရှုံးနိမ့်သွားခဲ့ရသည်။

ရှုံးပွဲမရှိ

ဘရက်တလေသည် ၎င်းပြိုင်ပွဲမထိုးသတ်မီက ၂၁ပွဲ ရှုံးပွဲမရှိ ထိုးသတ်ခဲ့သူဖြစ်သည်။ ၎င်းသည်ကယ်လီဖိုးနီးယားပြည်နယ်သားဖြစ်သည်။

(အင်တာနက်)

စစ်ကိုင်းလမ်းနှင့် ကန်တော်ကြီးလမ်းဆုံအထိ ကျောက်လွှာနှင့် ကတ္တရာခင်း လမ်းအရှည်အသွေး ရေရှည်တည်တံ့ရေးနှင့် လုပ်ငန်းသုံးပစ္စည်းများ မလေလွင့်ရေးဆောင်ရွက်

မန္တလေး မေ ၁၀

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့်အဖွဲ့သည် မေ ၂ရက် နံနက်၉နာရီက မန္တလေးမြို့ ၈၄လမ်းအား မဟာအောင်မြေမြို့နယ် ၃၅လမ်းမှ ချမ်းမြသာစည်မြို့နယ် စစ်ကိုင်းလမ်းနှင့် ကန်တော်ကြီးလမ်းဆုံအထိ အခြေခံ ကျောက်လွှာခင်းခြင်းနှင့် ကတ္တရာခင်းခြင်းလုပ်ငန်းနှင့် မြစ်ငယ်-ထုံးဘိုလမ်း ဇဖာလုံမှ တောင်အင်း၊ မြောက်အင်း ကျေးရွာများအထိ မြေသားလမ်း ခင်းခြင်းလုပ်ငန်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။**(ယာပုံ)**

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် ၈၄လမ်းအား မဟာအောင်မြေမြို့နယ် ၃၅လမ်းမှ ချမ်းမြသာစည်မြို့နယ် စစ်ကိုင်းလမ်းနှင့် ကန်တော်ကြီးလမ်းဆုံအထိ အခြေခံ ကျောက်လွှာခင်းခြင်းနှင့် ကတ္တရာခင်းခြင်း လုပ်ငန်းကို ကြည့်ရှုစစ်ဆေးရာ လုပ်ငန်းဆောင်ရွက် ပြီးစီးမှုများနှင့် ပတ်သက်၍ လမ်းတံတားဌာန ဌာနခွဲမှူး(အင်ဂျင်နီယာ)က ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့တော်ဝန်က ဤလမ်းသည် မန္တလေးမြို့တွင် ယာဉ်ကြီး၊ ယာဉ်ငယ်များ အဝင်အထွက်များသော လမ်းမကြီးဖြစ်သဖြင့် လမ်းအရှည်အသွေး ကောင်းမွန်ရေး၊ ရေရှည်တည်တံ့ခိုင်မြဲရေး၊ လမ်းလုပ်ငန်းသုံးပစ္စည်းများ အလေအလွင့် မရှိစေရေးတို့အတွက် လမ်းတံတားဌာန ဌာနခွဲမှူး(အင်ဂျင်နီယာ)နှင့် တာဝန်ရှိ အင်ဂျင်နီယာများ စနစ်တကျ ကြီးကြပ်ဆောင်ရွက်ကြရန် မှာကြားသည်။

ဖြည့်ဆည်းဆောင်ရွက်

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် မြစ်ငယ်-ထုံးဘိုလမ်း ဇဖာလုံမှ တောင်အင်း၊ မြောက်အင်းကျေးရွာများအထိ အကျယ်ပေ၃၀၊ အရှည်ပေ၆၅၀၀ရှိ မြေသားလမ်းဖောက်လုပ်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ (၃၁၃)

သပိတ်ကျင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဂျော့(ချ်)မျိုးမြင့်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ဇင်ဇင်သက်တို့ မေ၅ရက်က ကျေးလက်ဒေသများ သန့်ရှင်းသော သောက်သုံးရေရရှိမှု ရှိမရှိ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ပဋ္ဌာန်းတရားတော်များ ရွတ်ဖတ်ပူဇော်မည်

ရန်ကုန် မေ ၁၄

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း(မြောက်)ရပ်ကွက် ကျောင်းလမ်းနှင့်အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာ ကျောင်းဝင်းအတွင်း တည်ဆောက်ဆဲဖြစ်သော မဟာဗောဓိစေတီတော် ဒုတိယထပ်ရှိ မဟာဗောဓိရုပ်ပွားတော်မြတ် မဏ္ဍာတော်ဌာပနာ ပိတ်ပွဲအခမ်းအနားနှင့် တတိယအကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ဘဒ္ဒန္တဉာဏိန္ဒ (ဗုဒ္ဓဂယာဆရာတော်)အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဗုဒ္ဓဂယာ မြန်မာကျောင်းဆရာတော် အိန္ဒိယနိုင်ငံ ပရဒေသီ သံဃနာယက အဖွဲ့ဥက္ကဋ္ဌ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း ပဓာနနာယက ဆရာတော်ကြီး၏ ဩဝါဒဖြင့် မေ ၁၆ရက် နံနက် ၆နာရီမှ မေ ၁၉ ရက် နံနက် ၆ နာရီအထိ အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ၌ ပညာသင်ကြားနေကြသော မဇ္ဈိမနွယ်ဖွား သံဃာတော်များနှင့်ပင့်သံဃာတော်များမှ မြတ်စွာဘုရား၏ ပဋ္ဌာန်းတရားဒေသနာတော်မြတ်ကို ရွတ်ဖတ်ပူဇော်ကြမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်ထားသည်။ (က-ပ)

မတ် ၁၆ရက်က သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မအမှတ်(၁)ဈေးအတွင်း၌ အမှုဆောင်အရာရှိ ဦးမြင့်နှင့် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိဦးခင်မောင်ဦးတို့ မီးဘေးကြိုတင်ကာကွယ်ရေးဟောပြောစဉ်။ (က-ပ)

စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး ဖြည့်ဆည်းဆောင်ရွက်

ဂန့်ဂေါ မေ ၂

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းထွန်းသည် ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်အေးနှင့်အတူ မတ် ၂၀ရက် နံနက်က ဂန့်ဂေါမြို့နယ် အနောက်ဂန့်ဂေါကျေးရွာ သုတရိပ်မြုံ စာကြည့်တိုက်နှင့် ရှေးဟောင်းသမိုင်းဝင် စွယ်တော်ရှင်စေတီတော် ပရိဝုဏ်ရှိ မြတ်စွယ်တော်ပိဋကတ်တိုက်သို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးနှင့် ရှင်သန်ဖွံ့ဖြိုးရေးတို့အတွက် ဖြည့်ဆည်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (၀၇၁)

(၆၂)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြု မီးသတ်ယာဉ် ပေးအပ်ပွဲ မတ္တရာ၌ ကျင်းပ

မတ္တရာ မေ ၉

(၆၂)နှစ်မြောက်မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် မတ္တရာမြို့ အမှတ် (၂) ရပ်ကွက် ကိုယ့်အားကိုယ်ကိုး မီးသတ်ယာဉ် ပေးအပ်ပွဲ အခမ်းအနားကို မေ ၅ ရက် ညနေ ၃ နာရီက ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတိုင်း မီးသတ်ဦးစီးဌာနမှူး ဦးသန်းဝင်းက အဖွင့် အမှာစကားပြောကြားပြီးအမှတ်(၂) ရပ်ကွက်ဥက္ကဋ္ဌက မီးသတ်ယာဉ်ဝယ်ယူရေးနှင့် ကုန်ကျငွေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဟန်စိုးက ကျေးဇူးတင်စကားပြောကြားပြီး မီးသတ်ယာဉ် ဖြစ် မြောက် ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ဝင်းက မီးသတ်ယာဉ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို မီးသတ်ယာဉ် ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်ရဲတပ်ဖွဲ့မှူး ခင်မောင်စိုးထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မန္တလေးတိုင်း မီးသတ်ဦးစီးဌာနမှူးက ဂုဏ်ပြုလက်မှတ်များ ပြန်လည်ပေးအပ်ပြီး မြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များက အမှတ် (၂) ရပ်ကွက် ကိုယ့်အားကိုယ်ကိုး မီးသတ်ယာဉ်ကို လက်တွေ့သရုပ်ပြသကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

မော်လမြိုင်မြို့ သမိုင်းဝင် ဆံတော်ရှင် ကျိုက်သလ္လံစေတီတော်ပရိဝုဏ်အတွင်း ပြုပြင်ရန် မေ၁၀ရက်က ရန်ကုန်မြို့နေ ဦးကိုကိုဦး၊ ဒေါ်သန်းအေး (ချမ်းမြေ့ကြွယ် ရန်ကုန်/ကျိုက္ခမီခရီးသယ်ပို့ဆောင်ရေး)မိသားစုက ငွေကျပ်ငါးသိန်းလှူဒါန်းရာ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်းက လက်ခံယူစဉ်။ (၀၁၄)

အောင်စကြာဆရာတော် အရှင်စန္ဒသိရီ တရားဟောကြားမည်

ရန်ကုန် မေ ၁၄

ရန်ကုန်တိုင်း သာကေတမြို့နယ် အောင်စကြာ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ ပြည်တွင်းပြည်ပ သာသနာပြု ဓမ္မကထိက မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် နာယကနှင့်ကမ္မဋ္ဌာနာစရိယ အောင်စကြာဆရာတော် အရှင်စန္ဒသိရီသည် မေ၁၃ရက်မှ ၁၉ရက်အထိ၊ မုဒုံမြို့ ဘဲရမ်းကျေးရွာ မုဒုံဦး(၁)လမ်း မိုးကုတ် ဝိပဿနာအဖွဲ့ခွဲ(၄၃၁)ဓမ္မသဘင်၊ မေ၂၂ရက်မှ ၂၉ရက်အထိ ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်သပြေ စဥ့်ဟယ်မိုးကုတ်ဝိပဿနာ ဓမ္မသဘင်၊ မေ၃၁ရက်မှ ဇွန်၆ရက်အထိ ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့ မိုးကုတ်ဝိပဿနာ ဓမ္မသဘင်နှင့် ဇွန်၇ရက်မှ ၁၁ရက်အထိ ရှမ်းပြည်နယ်(တောင်ပိုင်း)နောင်မွန်မြို့ မိုးကုတ်ဝိပဿနာဓမ္မသဘင်တို့တွင် သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဟု သိရသည်။ (က-ပ)

ကသာမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၁၅၅ဦးအတွက် ထောက်ပံ့ငွေကျပ် ၁၂၀၆၀၀၀ ပေးအပ်ပွဲ အခမ်းအနားကို မတ်၂၇ရက်က စစ်မှုထမ်းဟောင်းရုံးခန်း၌ ကျင်းပရာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌဗိုလ်ကြီးမောင်တိုး(ငြိမ်း)က ဦးရ(မော်ကွန်းဝင်ဒုတိယဆင့်)ထံ ထောက်ပံ့ငွေပေးအပ်စဉ်။ (က-ပ)

တောင်ငူမြို့၌ ကျောက်ချောလမ်းခင်း

တောင်ငူ မေ ၁၀

တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသော ခရိုင်ချင်းဆက်လမ်း အမှတ်(၂) ထုံးဘိုကြီး-သစ်ကြိမ်းလမ်း ကျောက်ချောလမ်းခင်းခြင်း ဆောင်ရွက်မှုအခြေအနေကို ဧပြီ၃၀ရက်က အမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးထွန်းဇော်ချစ် ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ရာ လုပ်ငန်းတာဝန်ခံ လက်ထောက်အင်ဂျင်နီယာ ဦးရဲလွင်က လုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ **(မြို့နယ်စည်ပင်)**

ဆိပ်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ရေပေးရေးစက်ရုံကို မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်းနှင့်အဖွဲ့ ဧပြီ ၂၈ရက်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ဆွေက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)



ဖခင်ကြီး ဦးအောင်မြင့်နှင့် မိခင်ကြီး ဒေါ်စိန်ဟန်တို့အားရည်စူး၍ လှူဒါန်းသော တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပစေတီတော် အရှေ့ဘက်ရင်ပြင် အာရုံခံတန်ဆောင်း တည်ဆောက်ရေးအတွက် ပန္နက်တင်မင်္ဂလာနှင့် အုတ်မြစ်စီ မင်္ဂလာအခမ်းအနားတွင် မြို့နယ်အတွင်းရေးမှူး ဦးမောင်မောင်ထွေး၊ သာသနာရေးမှူး ဦးတိုးလင်း၊ (၁၀)ရပ်ကွက်ဥက္ကဋ္ဌ ဦးဝင်းနိုင်၊ တန်ဆောင်းအလှူရှင် ဦးမြင့်ဆန်းနှင့် ဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝေမင်းတို့က ရတနာအုတ်မြစ်စီပေးစဉ်။ (က-ပ)

တံတားဦးမြို့နယ် ငြိမ်းချမ်းသာစာကြည့်တိုက် အဆောက်အအုံဖွင့် ရေရှည်တည်တံ့ရေးနှင့် စာအုပ်စာစောင် တိုးပွားရေးဆွေးနွေး

တံတားဦး မေ ၁၀

တံတားဦးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ဝံပတော့ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်းဖွင့်လှစ်သည့် ဝံပတော့ကျေးရွာ ငြိမ်းချမ်းသာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲကို မေ ၇ရက် နံနက် ၁၁နာရီက အဆိုပါကျေးရွာ စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးမြင့်ငွေက နိုင်ငံတော် တိုးတက်ပြောင်းလဲနေမှုနှင့် အသင်း၏ လုပ်ငန်းများကို ရှင်းလင်း ဆွေးနွေးပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးဘိုမောင်က စာကြည့်တိုက် ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးညွန့်ရွှေက စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် စာအုပ်၊ စာစောင်များ တိုးပွားရေး ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ငြိမ်းချမ်းသာ စာကြည့်တိုက် အဆောက်အအုံသစ်ကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးဘိုမောင်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးခင်မောင်ရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။(အောက်ပုံ)

(မြို့နယ် ပြန်/ဆက်)

ရေနံချောင်းမြို့၌ ရေပေးဝေရေး လုပ်ငန်းများဆောင်ရွက်

ရေနံချောင်း မေ ၁၀

ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်မှုကို မတ် ၁၀ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်လွင် ကွင်းဆင်းစစ်ဆေးရာ လက်ထောက်အင်ဂျင်နီယာဦးဇော်မြင့်က ဂါလန်တစ်သန်းဆံ့ ရေလှောင်ကန်တွင် ရေတင်နေမှုနှင့် ရေဖြန့်ဝေမှု စနစ်များကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

လှိုင်လင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့သာယာလှပရေးလုပ်ငန်းများ အသုံးပြုရန်အတွက် မတ် ၁၅ ရက်က အဖွဲ့ ဝန်ထမ်းများဖြင့် ဘိုကာရှီမြေဆွေးထုတ်လုပ် ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးဗန်ကျွမ်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပြည်မြို့ နေသိဒ္ဓိလမ်း ကတ္တရာခင်းခြင်း လုပ်ငန်း ပြီးစီးမှုကို မေ ၁ ရက်က အမှုဆောင် အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးကြည်သန်းနှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဦးရာဇာလင်းတို့ ကြည့်ရှုစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

မြို့နယ်သတင်းများ

ရာသီပန်းများ အစားထိုးစိုက်ပျိုး

မြစ်ကြီးနား မေ ၁

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရုံးဝန်ထမ်းများ ဧပြီ ၁၉ရက်က ရုံးဝင်းအတွင်းစိုက်ပျိုးထားသော ဂျပန်မြက်ခင်း လှပရေးအတွက် မြေဆွခြင်း၊ ရာသီပန်းများ အစားထိုးစိုက်ပျိုးခြင်းနှင့် ရုံးရှေ့၊ရုံးနောက်ရှိ ရေမြောင်းများ ရေမဝပ်စေရေး၊ခြင်၊ ယင်မပေါက်ပွားစေရေးအတွက်အမှိုက်များ ရှင်းလင်းခြင်းတို့ကို မြို့နယ်တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မိုး ကြီးကြပ် ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနား လားရှိုး၌ ကျင်းပ

လားရှိုး မေ ၈

(၆၂)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေ ၅ရက် နံနက်၈နာရီက လားရှိုးမြို့ အမှတ်(၈) ရပ်ကွက် ယုံဟော် အားကစားကွင်း၌ ကျင်းပသည်။

ထို့နောက် မီးသတ်တပ်ဖွဲ့ဝင်များက အသက်ကယ်ဆယ်ရေး နည်းစနစ်များ သရုပ်ပြသခြင်း၊ စစ်ပညာ အခြေခံ တပ်စိတ်တိုက်ပွဲ လေ့ကျင့်မှု သရုပ်ပြသခြင်း၊ မီးသတ်ဆေးဘူးဖြင့် ငြိမ်းသတ်နည်း၊ ဓာတုဗေဒ ပေါင်ဒါမှုန့်ခြောက်ဖြင့် မီးငြိမ်းသတ်သရုပ်ပြသခြင်း၊ ဂတ်စ်မီးဖိုအား (လက်၊ဆေးဘူး)ဖြင့် မီးငြိမ်းသတ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ချီးမြှင့်

ဆက်လက်၍ သရုပ်ပြသကြသည့် မီးသတ်တပ်ဖွဲ့ဝင်များအား မြန်မာနိုင်ငံရဲတပ်ဖွဲ့က ငွေကျပ်၅၀၀၀၀၊ပြည်နယ်စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ၅၀၀၀၀၊ပြည်နယ်ပြည်သူ့ဆောက်လုပ်ရေးက ငွေကျပ် ၅၀၀၀၀၊ ခရိုင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ငွေကျပ် ၁၀၀၀၀စီနှင့် ရပ်ကွက်(၈)၊ (၉)နှင့် (၁၂)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၁၀၀၀၀စီ စုစုပေါင်း ငွေကျပ် ၂၀၀၀၀၀ကို ဂုဏ်ပြုချီးမြှင့်ကြသည်။

(က-ပ)

နမ့်ခမ်းမြို့ ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ပန်းအလှခုံများဆေးသုတ်ခြင်းနှင့် ပန်းအလှပင်များ စိုက်ပျိုးခြင်းတို့ကို မတ် ၁၀ ရက်က အမှုဆောင် အရာရှိ လက်ထောက်ညွှန်ကြားရေးမှူးဦးစောမြင့်ထွန်း ကြည့်ရှုစစ်ဆေးရာအငယ်တန်းအင်ဂျင်နီယာ (၂) ဦးစိုင်းကျော်ဟန်ထူးက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကြက်ငှက်တုပ်ကွေးကာကွယ်ရေး ပင်လောင်း၌ အသိမြှင့်တင်မှု ဖွံ့ဖြိုးရေးသင်တန်းဖွင့်

ပင်လောင်း မေ ၃

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ်တွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် Care Myanmar အဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် ကြက်၊ ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ပြည်သူလူထု အသိမြှင့်တင်မှု ဖွံ့ဖြိုးရေး လုပ်သားသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂၈ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်း

အခမ်းအနားတွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာနီနီဝင်းက အဖွင့်အမှာစကား ပြောကြားပြီး Care Myanmar အဖွဲ့မှ အငယ်တန်းစီမံချက်အရာရှိ ဒေါ်မို့မို့သန်းက သင်တန်းနှင့် ပတ်သက်သည်များကို ရှင်းလင်း ပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ကြပြီး သင်တန်းကို ဧပြီ ၂၈ရက်မှ ၃၀ရက် အထိဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်ပြီးစီးသော ညောင်ရွှေ-ရှာသာကျေးလက် ကျောက်ချောလမ်းဖွင့်ပွဲကို မတ်၁၉ရက်က အဆိုပါမုခ်ဦး၌ကျင်းပရာ အမှုဆောင်အရာရှိနှင့် တာဝန်ရှိသူများ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ပုသိမ်မြို့၌ လေဘေး၊ ရေဘေးကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားရှိမှုများ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကြည့်ရှုစစ်ဆေး

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကိုးသိန်းအားကစားရုံရှိ ကယ်ဆယ်ရေးစခန်း၌ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ပေးပို့လှူဒါန်းထားသည့် ပစ္စည်းများကို ပြည်သူများအား လက်ရောက်ပေးအပ်စဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၁၄

ဧရာဝတီတိုင်း ပုသိမ်မြို့၌ရောက်ရှိနေသည့် အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် စစ်ရေးချုပ်ဗိုလ်ချုပ်သူရမြင့်အောင်၊ ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများလိုက်ပါလျက် မေ ၁၃ ရက် နံနက်ပိုင်းတွင် ပုသိမ်မြို့၌ ဖွင့်လှစ်ထားရှိသည့် လေဘေး၊ ရေဘေး ကယ်ဆယ်ရေးစခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

နှုတ်ဆက်အားပေး

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နံနက် ၉ နာရီတွင် ပုသိမ်တက္ကသိုလ် သီဟဆောင်၌ ဖွင့်လှစ်ထားရှိသည့် လေဘေး၊ ရေဘေးကယ်ဆယ်ရေးစခန်းကို ကြည့်ရှုစစ်ဆေးကြပြီး လေဘေး၊ ရေဘေးသင့်သူများအားတွေ့ဆုံ၍ လှူဒါန်းသည့်ပစ္စည်းများ ရရှိမှုအခြေအနေ၊ နေရေးစားရေး အခြေအနေများကို ရင်းရင်းနှီးနှီး တစ်ဦးချင်း လိုက်လံမေးမြန်းနှုတ်ဆက်အားပေးကြသည်။

မှာကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ကယ်ဆယ်ရေးစခန်း၌ ရောက်ရှိနေသူများမှ ကျန်းမာရေးကောင်းပြီး အလုပ်လုပ်လိုသူများ အလုပ်အကိုင်ရရှိရေးနှင့် စခန်းအလိုက် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို မှာကြားသည်။

စာမျက်နှာ ၉ ကော်လံ ၁ ●

မိုးလေဝသ အထူးသတင်း

နေပြည်တော် မေ ၁၄

မြန်မာစံတော်ချိန် နံနက် ၇ နာရီ ထုတ်ပြန်ချက်

ယနေ့ နံနက် မြန်မာစံတော်ချိန် ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲ ထုတ်ပြန်ချက်

ယနေ့မွန်းလွဲ ၁နာရီခွဲတွင် မိုးလေဝသဂြိုဟ်တုမှ တိုင်းထွာခဲ့ရာ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်နေသော မြစ်ဝကျွန်းပေါ်ဒေသအနီးတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာခြင်းမရှိဘဲ အနောက်မြောက်ဘက်ရှိ ရခိုင်ပြည်နယ်ဘက်ဆီသို့ ဖြည်းညင်းစွာ ရွေ့လျားလျက်ရှိနေသည်။

တိုက်ခတ်နိုင်

လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးရွာပြီး မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်နိုင်ပြီး ခေတ္တခဏမျှလှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၄၅ မိုင်မှ မိုင် ၅၀ အထိ တိုက်ခတ်နိုင်ကြောင်း သိရသည်။

မြန်မာစံတော်ချိန် ည ၈ နာရီခွဲ ထုတ်ပြန်ချက်

ယနေ့ ညနေ ၆ နာရီခွဲအချိန် မိုးလေဝသဂြိုဟ်တုမှ တိုင်းထွာချက်အရ မြစ်ဝကျွန်းပေါ်ဒေသတွင် ဖြစ်ပေါ်နေခဲ့သော လေဖိအားနည်းရပ်ဝန်းသည် ရခိုင်ပြည်နယ်တောင်ပိုင်းသို့ ဝင်ရောက်ခဲ့ပြီးနောက် အားပျော့ပျက်ပြယ်သွားပြီဖြစ်သည်။ အနောက်တောင် မုတ်သုံလေသည် မြစ်ဝကျွန်းပေါ်ဒေသသို့ စတင်ဝင်ရောက်လျက်ရှိကြောင်း သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

မေ ၁၂ ရက်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ထွေးဦး လပွတ္တာမြို့ ရတနာဒီပအားကစားကွင်းရှိ လေဘေးသင့်ကျေးရွာများမှ အိမ်ထောင်စုများအား ဆန်၊ ရိက္ခာ၊ အစားအစာ၊ ဒန်အိုး ဒန်ခွက်၊ စောင်၊ အဝတ်အထည်နှင့် ထောက်ပံ့ငွေများကို ပေးအပ်လှူဒါန်းစဉ်။ (သတင်း စာ - ၅) (သတင်းစဉ်)

လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများအား ဆက်လက်ပေးပို့

ရန်ကုန် မေ ၁၄

ဧရာဝတီတိုင်း လပွတ္တာမြို့နယ်ရှိ လေဘေးသင့်ပြည်သူများအတွက် စားသောက်ဖွယ်ရာများ၊ အဝတ်အထည်များ၊ သွပ်နှင့် အိမ်ဆောက်ပစ္စည်းများ၊ မိုးကာများ၊ မိုးကာလိပ်များ၊ ရေသန့်ဘူးများ၊ လက်နှိပ်ဓာတ်မီးများ၊ မီးအားပေးစက်များ၊ စားသုံးဆီများနှင့် ရေသန့်စင်စက်များစသည့် ထောက်ပံ့ရေးပစ္စည်း ၃၂ မျိုး စုစုပေါင်း တန်ချိန် ၇၈ တန်ကို တင်ဆောင်ထားသည့် ဗညားဒလသင်္ဘောသည် ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဘုန်းကြီးလမ်း အမှတ်(၁) ဆိပ်ခံတံတားမှ လပွတ္တာမြို့သို့ ထွက်ခွာသွားသည်။

အလားတူ ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ပြည်သူများထံသို့ ဆက်လက်ပို့ဆောင်မည့် လမ်းမတော်မြို့နယ် ဝါးတန်းလမ်း ဆိပ်ခံတံတားတွင် ဝင်းစိန်(၁)သင်္ဘောနှင့် ငါးပုတ်သင်သင်္ဘောတို့သည်လည်းကောင်း၊ ဘုန်းကြီးလမ်း အမှတ်(၁) ဆိပ်ခံတံတားတွင် မေခသင်္ဘောသည် လည်းကောင်း ထောက်ပံ့ရေးပစ္စည်းများ တင်ဆောင်လျက်ရှိသည်။ **(သတင်းစဉ်)**

15-5 (20).pmd 1 5/15/2008, 2:19 AM